# ကြေးမုံ

The Mirror Daily

Established in 1957

၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်၊ ကြာသပတေးနေ့။ Thursday, 11 June 2020 ၁၀၀၄၀


## လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည်မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

# COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီမှ အသိပေးကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး**
**အမျိုးသားအဆင့်ဗဟိုကော်မတီမှ အသိပေးကြေညာခြင်း**

**၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၀ ရက်)**

၁။ Coronavirus Disease 2019 (COVID-19) ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း မိမိနိုင်ငံသို့ ပြန်လာလိုသော နိုင်ငံသားများကို အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်စပ်ဝင်ထွက်ပေါက်များတွင် တရားဝင်လက်ခံရေးစခန်းများ ဖွင့်လှစ်ပြီး စနစ်တကျလက်ခံ၍ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ထို့အပြင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီမှလည်း ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လိုသော မြန်မာနိုင်ငံသားများအနေဖြင့် တရားဝင် နယ်စပ်ဂိတ်များမှသာ ပြန်လည်ဝင်ရောက်စေရန်နှင့် ကျန်းမာရေးစောင့်ကြည့်စစ်ဆေးမှုအား ခံယူစေရန် အကြောင်းကြားပြီးဖြစ်သော်လည်း တရားဝင်လက်ခံရေးစခန်းမရှိသော နယ်စပ်ဝင်ပေါက်များမှ ဝင်ရောက်လာသူများရှိနေသည့်အတွက် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဟန့်အတားများ ဖြစ်ပေါ်စေနိုင်သည့်အပြင် COVID-19 ရောဂါပြန့်ပွားမှုကို ဖြစ်ပေါ်စေနိုင်ပါသည်။

၃။ သို့ပါ၍ ပြည်ပနိုင်ငံများမှ မြန်မာနိုင်ငံသို့ မည်သူမဆို တရားမဝင် ဝင်ထွက်ပေါက်များမှ ဝင်ရောက်လျှင်၊ ယင်းသို့ တရားမဝင် ဝင်ရောက်ကြောင်း သိလျက်နှင့် လက်သင့်ခံလျှင် သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ခြင်းခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊**
**ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ**

---

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က

# Covid ကြောင့် စဉ်းစားသင်ယူစရာတွေကို နေ့စဉ်နဲ့အမျှ တွေ့နေရကြောင်း၊ လွန်ကဲတယ်လို့ မရှိနိုင်တဲ့ 'သတိ' အားကောင်းအောင် လေ့ကျင့်ရခြင်းကတော့ Covid ကနေရတဲ့ တန်ဖိုးအရှိဆုံးသင်ခန်းစာပဲဖြစ်ကြောင်း ရေးသားဖော်ပြ

**နေပြည်တော် ဇွန် ၁၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က Covid ကြောင့် စဉ်းစားသင်ယူစရာတွေကို နေ့စဉ်နဲ့အမျှ တွေ့နေရပါကြောင်း၊ လွန်ကဲတယ်လို့ မရှိနိုင်တဲ့ 'သတိ' အားကောင်းအောင် လေ့ကျင့်ရခြင်းကတော့ Covid ကနေရတဲ့ တန်ဖိုးအရှိဆုံးသင်ခန်းစာပဲ ဖြစ်ပါကြောင်း ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် ရေးသားဖော်ပြထားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကိစ္စတစ်ရပ်နဲ့ပတ်သက်လို့ စည်းမျဉ်းညွှန်ကြားချက်တွေ ထုတ်ပြီးတဲ့အခါ ဒီစည်းမျဉ်းတွေဟာ သင့်တော်ရဲ့လား၊ အလုပ်ဖြစ်ရဲ့လားဆိုတာကိုလည်း လေ့လာသုံးသပ်ရပါကြောင်း။

မကြာမီက စားသောက်ဆိုင်များ ပြန်လည်ဖွင့်ရေးအတွက် စည်းကမ်းသတ်မှတ်ချက်တွေချပြီး လုပ်ငန်းပြန်လည် လည်ပတ်နိုင်ရေးကို ဦးတည်ခဲ့ပါကြောင်း၊ နေပြည်တော်စားသောက်ဆိုင်အချို့လည်း အစစ်ဆေးခံပြီး ပြန်ဖွင့်လာပါကြောင်း၊ ဒါနဲ့ နိုးကြားတက်ကြွ အလုပ်ပျော် အရာထမ်းတစ်ယောက်က မိမိစိတ်ကူးဆန္ဒအရ၊ ထမင်းနပ် ထပ်ပါစေ၊ လေ့လာဖို့ လိုတယ်လို့ ဆုံးဖြတ်ပြီး စားသောက်ဆိုင် ၃-၄ ဆိုင်လှည့်ပြီး စားခဲ့ပါကြောင်း၊ မိမိတို့အတွက် အကျိုးရှိတဲ့ (အစိုးရစရိတ်မကုန်) လှည့်လည်စားသောက်မှုဖြစ်ပါကြောင်း။

ကိုယ်တိုင်စမ်းကြည့်ခဲ့တော့ ပြည့်ပြည့်စုံစုံ သိခဲ့ရပြီး မိမိတို့ကို အသေးစိတ်သုံးသပ်ချက်တွေ ပြောပြနိုင်ပါကြောင်း၊ ပထမဦးဆုံး ကျေနပ်စရာကတော့ ဆိုင်တွေကော၊ စားသုံးသူတွေပါ စည်းကမ်းချက်တွေကို လိုက်နာစိတ်ရှိကြပါကြောင်း၊ မပြည့်စုံတာလေးတွေတော့ ရှိသေးပါကြောင်း၊ ဆိုင်ဝန်ထမ်းများ mask တပ်ဆင်ကြသော်လည်း အချို့တွေက face shield ၊ လက်အိတ်တို့မပါတာ တွေ့ခဲ့ရပါကြောင်း၊ ဒါတွေဟာ လာရောက်စားသုံးသူများ၊ ဆိုင်ဝန်ထမ်းများအားလုံးအတွက် အလွန်အရေးကြီးတာကြောင့် မိမိတို့ ထပ်မံညွှန်ကြားမည် ဖြစ်ပါကြောင်း။

မိမိတို့ အရာထမ်းကြီး ကျေးဇူးကြောင့် နောက်ထပ်စဉ်းစားရတဲ့ကိစ္စကတော့ အတူလာရောက်သူများ အတူစားနိုင်ရေးဖြစ်ပါကြောင်း၊ ကားတစ်စီးထဲ အတူစုလာကြ၊ ဆိုင်ကယ်တစ်စီးထဲပေါ် အတူထိုင်ပြီး လာကြသူတွေ စားသောက်ဆိုင်ရောက်မှ အတူမထိုင်ရဘူးဆိုတဲ့ကိစ္စ။ ဒါက လက်တွေ့အကျိုးရှိမှဲ့ စည်းကမ်းမဟုတ်လို့ မသတ်မှတ်သင့်တာ တွေ့ရပါကြောင်း၊ အရေးကြီးတာက သူစိမ်းများနဲ့ ထိတွေ့မှုမရှိစေရန် ခွာထားတဲ့ စားပွဲခုံများအကြား အကာတွေထားဖို့ပဲ ဖြစ်ပါကြောင်း။

Covid ကြောင့် စဉ်းစားသင်ယူစရာတွေကို နေ့စဉ်နဲ့အမျှ တွေ့နေရပါကြောင်း၊ လွန်ကဲတယ်လို့ မရှိနိုင်တဲ့ 'သတိ' အားကောင်းအောင် လေ့ကျင့်ရခြင်းကတော့ Covid ကနေရတဲ့ တန်ဖိုးအရှိဆုံးသင်ခန်းစာပဲ ဖြစ်ပါကြောင်း ရေးသားဖော်ပြထားသည်။

- ☆ **ပထမဦးဆုံး ကျေနပ်စရာကတော့ ဆိုင်တွေကော၊ စားသုံးသူတွေပါ စည်းကမ်းချက်တွေကို လိုက်နာစိတ်ရှိကြ**
- ☆ **ကားတစ်စီးထဲ အတူစုလာကြ၊ ဆိုင်ကယ်တစ်စီးထဲပေါ် အတူထိုင်ပြီး လာကြသူတွေ စားသောက်ဆိုင်ရောက်မှ အတူမထိုင်ရဘူးဆိုတဲ့ကိစ္စ။ ဒါက လက်တွေ့အကျိုးရှိမှဲ့ စည်းကမ်းမဟုတ်လို့ မသတ်မှတ်သင့်တာ တွေ့ရ**
- ☆ **အရေးကြီးတာက သူစိမ်းများနဲ့ ထိတွေ့မှုမရှိစေရန် ခွာထားတဲ့ စားပွဲခုံများအကြား အကာတွေထားဖို့ပဲဖြစ်**


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

## ကိုယ်တိုင်လုပ် ကိုယ်တိုင်ယူ ကိုယ့်ရပ်ရွာဖွံ့ဖြိုး

ကိုယ်တိုင်လုပ် ကိုယ်တိုင်ယူ ကိုယ့်ရပ်ရွာဖွံ့ဖြိုးဟုဆိုလိုခြင်းမှာ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးလက်နေပြည်သူများ ကိုယ်တိုင်ဆောင်ရွက်စေပြီး လုပ်အားခပေးချေပေးမည့် Cash For Work စီမံကိန်းကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ အဆိုပါစီမံကိန်းသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝထိခိုက်မှုများ လျော့ပါးသက်သာစေရန် အဓိကရည်ရွယ်လုပ်ဆောင်မည့် စီမံကိန်းဖြစ်သလို တိုင်းပြည်စီးပွားဖွံ့ဖြိုးစေမည့် အခြေခံလုပ်ငန်းဖြစ်ပါသည်။

မျက်မှောက်ကာလတွင် ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ကမ္ဘာလုံး စီးပွားရေးထိခိုက်နေသောအချိန်၊ မြန်မာတစ်နိုင်ငံလုံး အလုပ်အကိုင်များ တုံ့ဆိုင်းနေသောအချိန်ကာလ၌ အခြေခံလူတန်းစား အများစုနေထိုင်သည့် ကျေးလက်ဒေသများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်မည့် အဆိုပါစီမံကိန်းကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုရမည်ဖြစ်သလို စီမံကိန်းလုပ်ငန်းအောင်မြင်အောင်လည်း တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအခါ စိုက်ပျိုးရေးရာသီ ရောက်ရှိလာသောအချိန်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍကို ဝိုင်းဝန်းကူညီပံ့ပိုးပေးသဖြင့် အဆင့်မီအောင်စိုက်ပျိုး၊ အရည်အသွေးကောင်းအောင် ထုတ်လုပ်နိုင်ပါက ပြည်တွင်းသာမက နိုင်ငံတကာဈေးကွက်သို့ပါ တွင်ကျယ်စွာ ဝင်ရောက်နိုင်သည့် အလားအလာကောင်းများရှိနေသည်။ စိုက်ပျိုးရေးကို အခြေခံသည့် မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးကဏ္ဍအား ခေတ်နှင့်ကိုက်ညီသည့်ပုံစံဖြင့် ထိထိရောက်ရောက်လုပ်ဆောင်နိုင်လျှင် စီးပွားရေးဘက်တွင် တိုးတက်အောင်မြင်မှုများ ရလာနိုင်သည်။

မျက်မှောက်ကာလတွင် ကိုဗစ်-၁၉ ရောဂါကြောင့်လည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများ စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်မှုနည်းပါးလာခြင်းကြောင့်လည်းကောင်း လုံခြုံစိတ်ချမှုရှိသည့် အစားအစာရိက္ခာလိုအပ်မှု ပိုမိုလိုအပ်လာသည့် အခြေအနေများရှိလာသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် အခြေအနေအချိန်အခါကို သေချာစွာစဉ်းစားချင့်ချိန်၍ လက်ရှိပေါ်ပေါက်လာသော စီမံကိန်းအခွင့်အရေးများကို ထိထိရောက်ရောက် အသုံးချနိုင်မည်ဆိုပါက ပြည်သူများကိုလည်းအကျိုးပြု၊ နိုင်ငံစီးပွားရေးလည်း ပြန်လည်ဦးမော့လာမည်ဟု ယုံကြည်ပါသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ ထိခိုက်မှုများကို ကုစားနိုင်ရန်အတွက် နိုင်ငံတော်က ၂၀၂၀ ပြည့်နှစ် ဧပြီလ ၂၇ ရက်နေ့တွင် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်ကို ရေးဆွဲထုတ်ပြန်ခဲ့ပြီး အဆိုပါစီမံချက်အရ ကျေးလက်ဒေသများတွင် ကုန်ထုတ်လုပ်မှုနှင့် ကျေးရွာအခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးအထောက်အကူပြု Cash For Work စီမံကိန်းကို ဇူလိုင်လမှစတင်၍ အကောင်အထည်ဖော်ရန် ပြင်ဆင်ထားရာ ကျေးလက်နေပြည်သူများ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်းဖြင့် မိသားစုများဝင်ငွေရရှိလာပြီး ကျေးရွာများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ဆင်းရဲနွမ်းပါးပြီး အလုပ်လက်မဲ့၊ ကျပန်းအလုပ်သမားများနှင့် ထိခိုက်လွယ်အုပ်စုများသော ကျေးရွာများ၊ ကူးစက်ရောဂါဆိုးရွားစွာ သို့မဟုတ် အတော်အသင့် သက်ရောက်မှုရှိသော ကျေးရွာများ၊ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့မှုနှင့် နယ်မြေလုံခြုံတည်ငြိမ်အေးချမ်းမှုရှိသော ကျေးရွာများ၊ ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် စိတ်အားထက်သန်မှု၊ စည်းလုံးညီညွတ်မှု၊ တက်ကြွစွာဆောင်ရွက်လိုမှုရှိသည့် ကျေးရွာများ၊ လူဦးရေစစ်တမ်းအပေါ်အခြေခံ၍ တွက်ချက်ထုတ်ပြန်ထားသော ဖွံ့ဖြိုးရေးလိုအပ်ချက်များသော ကျေးရွာများနှင့် ပြည်ပသို့သွားရောက်လုပ်ကိုင်သောလုပ်သားများ ပြန်လည်ရောက်ရှိလာသူဦးရေများသော ကျေးရွာများကို ဦးစားပေးအကောင်အထည်ဖော်မည်ဟု သိရသည်။

ကျေးရွာ ၃၅၀၀ ကို တစ်ရွာလျှင် ကျပ်သိန်း ၁၀၀ ထောက်ပံ့ပေးမည့် ယခုစီမံကိန်းတွင် အသိပညာပေး လုပ်ငန်းများအား ကမ္ဘာ့ဘဏ်ရန်ပုံငွေဖြင့် အကူအညီပေးဆောင်ရွက်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို ခေတ်အဆက်ဆက် အကောင်အထည်ဖော်ခဲ့ရာတွင် ပွင့်လင်းမြင်သာမှုနှင့် လက်တွေ့ကျကျဆောင်ရွက်နိုင်မှု အားနည်းသဖြင့် အောင်မြင်မှုနည်းပါးခဲ့သည်။

ယခုစီမံကိန်းမှာမူ ပွင့်လင်းမြင်သာမှု၊ အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းမှု၊ အကြံပြုမှု၊ တိုင်ကြားနိုင်မှုများ ပြုလုပ်နိုင်ပြီး တာဝန်ယူဆောင်ရွက်သည့် ဌာနသာမက လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနများ၊ ကျေးရွာအဖွဲ့အစည်းများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်၍ ကိုယ်တိုင်လုပ် ကိုယ်တိုင်ယူ ကိုယ့်ရပ်ရွာဖွံ့ဖြိုးစေမည့် စီမံကိန်းလုပ်ငန်းအောင်မြင်အောင် တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# ဆေးသုတေသနဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများအတွက် စိန်ပေါ်ကျောင်းသားဟောင်းများက အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၁၀

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများအတွက် စိန်ပေါ်ကျောင်းသားဟောင်း ၂၂ ဦးတို့က အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီး စိန်ပေါ် ကျောင်းသားဟောင်းများ ကိုယ်စား အငြိမ်းစား ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မင်းက လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာဇော်သန်းထွန်းထံ စိန်ပေါ် ကျောင်းသားဟောင်းများ အသင်းဥက္ကဋ္ဌ ဦးနေအုပ်၊ အကျိုးဆောင် အတွင်းရေးမှူး ဦးခင်မောင်ဦး၊ အဖွဲ့ဝင် ဦးမျိုးညွှန့်တို့က အလှူငွေကျပ် ၃၀၂၀၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့ပြီး ညွှန်ကြားရေးမှူးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယနေ့လှူဒါန်းသည့် အလှူငွေများမှာ ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်း၊ ရွှေ့လျားမော်တော်ယာဉ်ဖြင့် အသွားအလာ ကန့်သတ်ထားသူများထားရှိရာနေရာများနှင့် ဆေးရုံများရှိ စောင့်ကြည့်လူနာများထံမှ ဓာတ်ခွဲနမူနာများရယူခြင်းလုပ်ငန်း ဆောင်ရွက်နေသူများအတွက် လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-ဇော်မင်းလတ်

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၀-၆-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၅၀၀ | ၁၁,၀၀၀ | ၁,၉၁၂ | ၂၁,၀၂၉,၅၀၀ |
| MTSH | ၃,၈၀၀ | ၃,၈၀၀ | ၃,၂၄၈ | ၁၂,၃၄၄,၉၀၀ |
| MCB | ၈,၂၀၀ | ၈,၁၀၀ | ၁၀၄ | ၈၄၃,၄၀၀ |
| FPB | ၂၃,၀၀၀ | ၂၃,၀၀၀ | ၁,၁၁၅ | ၂၅,၆၄၇,၅၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၁,၀၄၂ | ၂,၉၁၇,၆၀၀ |
| EFR | ၂,၆၅၀ | ၂,၆၅၀ | ၄,၆၈၀ | ၁၂,၆၂၃,၃၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇွန် ၁၀

ရန်ကုန်(ရွှေဈေး) ၁၂၁၅၀၀၀ မန္တလေး(ရွှေဈေး) ၁၂၁၄၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၃၀/၅၆၀ ကျပ် | ၅၆၀/၅၇၅ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၂၀/၅၅၀ ကျပ် | ၅၄၅/၅၆၀ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၅၇၀/၆၀၅ ကျပ် | ၆၃၅/၆၆၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၅၀/၄၉၀ ကျပ် | ၅၁၅/၅၃၀ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | | |
|---|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၇၅/၄၈၀ | ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၉၀ | ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၆၅ | ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၀၀.၅ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၉၁.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၈.၂၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၄.၉၅၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၉.၁၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၅၃၉ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၇၉.၈၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၁.၃ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၀၅.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၇.၇၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်း၊ ဦးချစ်ဇေယျာထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဒေါ်ဇာရည်မွန်၊ ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

✪ **ကျောဖုံးမှ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လက်ရှိအချိန်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ်နှောင်းပိုင်းကာလတွင် ကျင်းပပေးရမည်ဖြစ်ပါကြောင်း၊ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများသည် ပုံမှန်အခြေအနေတွင် ကျင်းပခဲ့ခြင်း ဖြစ်ပါကြောင်း။

**စီစဉ်ဆောင်ရွက်လျက်ရှိ**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည် ကိုဗစ်-၁၉ ကာလနှင့် တိုက်ဆိုင်နေသည့်အတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များအနက်မှ မဲစာရင်းကပ်ထားကြေညာသည့်ကာလ၊ မဲဆွယ်စည်းရုံးရေးကာလနှင့် မဲပေးသည့်နေ့တို့တွင် ပြည်သူလူထုစုဝေးခြင်းများ ဖြစ်ပေါ်လာနိုင်ပါကြောင်း၊ မဲစာရင်းတွင် မိမိအမည်ပါမှသာ မဲပေးနိုင်မည်ဖြစ်သည့်အတွက် မဲစာရင်းကပ်ထားကြေညာသည့်အချိန်တွင် မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းလာရောက်ကြည့်ရှုရမည်ဖြစ်ပါကြောင်း၊ ထိုသို့ကြည့်ရှုရာတွင် လူစုလူဝေးဖြစ်နိုင်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲဆန္ဒရှင်များ အွန်လိုင်းမှ မဲစာရင်းကြည့်ရှုနိုင်ရန် မိုဘိုင်းလ်အက်ပလီကေးရှင်းကို စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မဲဆွယ်စည်းရုံးရေးကာလနှင့် မဲပေးသည့်နေ့တို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ မည်သို့ဆောင်ရွက်မည်ကို ဝိုင်းဝန်းအကြံပြုဆွေးနွေးရန် လိုအပ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲရုံပေါင်းလေးသောင်းကျော်လျာထားပြီး မဲဆန္ဒရှင်ပေါင်း ၃၇ သန်းကျော်ရှိပါကြောင်း။

ရွေးကောက်ပွဲနေ့၌ မဲဆန္ဒရှင်ပြည်သူများ မဲရုံတွင် မဲစာရင်းကြည့်သည့်အချိန်နှင့် မဲပေးခြင်းဆောင်ရွက်သည့်အချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ မည်သို့ဆောင်ရွက်ရမည်ကို သရုပ်ပြ မဲရုံများပြသပြီး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ သို့မှသာ မဲရုံများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် လိုအပ်ချက်များကို စိစစ်သိရှိနိုင်ပြီး ပြင်ဆင်ဆောင်ရွက်ရမည့်ကိစ္စများကို ကြိုတင်စီစဉ်နိုင်မည်ဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို ချမှတ်ထားသည့် စံ(၅)ချက်နှင့်အညီ ကျင်းပနိုင်ရေးဆောင်ရွက်လျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါကြောင့် မဲဆန္ဒရှင်ပြည်သူများ စိုးရိမ်စိတ်မရှိစေဘဲ စိတ်အေးချမ်းသာစွာမဲပေးနိုင်ရေးအတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို တက်ရောက်လာကြသည့် တာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးစေလိုကြောင်း ပြောကြားခဲ့ပြီး အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် လူမှုရေးဝန်ကြီးများ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ရေး ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ညှိနှိုင်းဆွေးနွေး



**နေပြည်တော် ဇွန် ၁၀**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ Video Conferencing ဖြင့် ကျင်းပသော အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးသည်။

အဆိုပါဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ လူမှုရေးဝန်ကြီးများ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ သက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

**ဖော်ပြအသိပေးလျက်ရှိ**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဇူလိုင်လအတွင်း အခြေခံပညာ ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် အထက်တန်းအဆင့်ကို ဦးစွာဖွင့်လှစ်ပြီး တွေ့ကြုံရမည့် အားနည်းချက်၊ လိုအပ်ချက်များကို ပြင်ဆင်ကာ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်များကို တစ်ဆင့်ချင်းစီ ဆက်လက်ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ဖွင့်လှစ်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးဆိုင်ရာ ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်သွားရန် အရေးကြီးပါကြောင်း၊ ကျောင်းသို့မလာမီနှင့် လာရောက်စဉ် မိဘနှင့် ကျောင်းသားကျောင်းသူများ လိုက်နာရမည့် အချက်များ၊ ကျောင်းသို့ရောက်ရှိပြီး စာသင်ကြားချိန်တွင် ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ လိုက်နာရမည့် အချက်များ၊ မုန့်စားနားချိန်နှင့် ထမင်းစားနားချိန်တွင် ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ လိုက်နာရမည့်အချက်များ၊ စာသင်ကြားပြီး ကျောင်းမှ အပြန်တွင် မိဘနှင့် ကျောင်းသားကျောင်းသူများလိုက်နာရမည့် အချက်များ၊ ကျောင်းတွင်းရှိ စာသင်ခန်းများတွင် ပြင်ဆင်ထားရှိရမည့် အချက်များကို သတင်းစာများတွင် ဖော်ပြအသိပေးလျက်ရှိပါကြောင်း။

ဦးစားပေးစီစဉ်ဆောင်ရွက်ရမည့် ကိစ္စရပ်များအနေဖြင့် သင်ယူမှုမဆုံးရှုံးစေရန် အလေးထားကာကွယ်ရေး၊ ကျန်းမာရေးနှင့်ညီညွတ်၍ လုံခြုံဘေးကင်းရန်အတွက် စီမံဖြေရှင်းဖြည့်ဆည်းဆောင်ရွက်ရေး၊ ကျောင်းသား၊ ဆရာတစ်ဦးနှင့်တစ်ဦး အနည်းဆုံး ခြောက်ပေကွာခြား၍ သင်ကြားသင်ယူမှုများဆောင်ရွက်နိုင်ရေး၊ လူအုပ်စု မဖြစ်ပေါ်စေရန် လျှော့ချရေး၊ အတန်းလိုက် ကျောင်းတက်ချိန် ကျောင်းဆင်းချိန်များ အချိန်လုံလောက်စွာခွာ၍ သတ်မှတ်ပေးရေး၊ ကျောင်းများပြန်လည်ဖွင့်လှစ်ပါက လုံခြုံဘေးကင်းရေး၊ အထူးသဖြင့် ကျောင်းသူများနှင့် ဆရာမများအား လူမှုကာကွယ်စောင့်ရှောက်ပေးရေး၊ ကျောင်းထွက်မှု အနည်းဆုံးဖြစ်ရေး၊ သင်ယူတတ်မြောက်မှု ပြန်လည်ကောင်းမွန်လာရေး၊ သင်ယူမှုအခွင့်အလမ်းများ ပိုမိုမျှတစွာ တိုးတက်ကောင်းမွန်လာရေးနှင့် အရည်အသွေး ပိုမိုကောင်းမွန်လာစေရေးအတွက် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပါကြောင်း။

**အခမဲ့ဖြန့်ဝေမည်**

နိုင်ငံတစ်ဝန်း အထက်တန်းအဆင့်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် ကျောင်းအရေအတွက်အနေဖြင့် တစ်သုတ်တက်ကျောင်း ၆၁၇ ကျောင်း၊ တစ်ပတ်ခြားတက်ကျောင်း ၂၄၇၁ ကျောင်း၊ တစ်ပတ်ခြား နှစ်သုတ်တက်ကျောင်း ၂၄၀၁ ကျောင်း၊ တစ်ပတ်ခြားနှစ်သုတ် သုံးရက်တက်ကျောင်း ၁၄၄ ကျောင်း ဖွင့်လှစ်နိုင်မည်ဟု စိစစ်ခန့်မှန်းထားပါကြောင်း၊ ကျောင်းများပြန်လည်ဖွင့်လှစ်ချိန်တွင် ဆရာများနှင့် ကျောင်းသားများအားလုံး ပြန်လည်အသုံးပြုနိုင်သော အဝတ်နှာခေါင်းစည်း နှစ်ခုစီနှင့် မျက်နှာကာတစ်ခုစီ အခမဲ့ဖြန့်ဝေသကဲ့သို့ ကျောင်းသုံးဖတ်စာအုပ်များ၊ ဗလာစာအုပ်များ စသည်တို့ကို အခမဲ့ဖြန့်ဝေပေးသွားရန် စီစဉ်လျက်ရှိပါကြောင်း။

အခြေခံပညာ ဆရာ ဆရာမများ ရာထူးတိုးခြင်း၊ ပြောင်းရွှေ့ခြင်း၊ ခန့်ထားခြင်းတို့ကို တိုင်းရင်းသားဒေသခံများကို ဦးစားပေး၍ စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ကျောင်းများ ပြန်လည်မဖွင့်လှစ်မီ အချိန်မီပြီးစီးအောင် စီစဉ်ဆောင်ရွက်နေပါကြောင်းနှင့် ဆရာ၊ ဆရာမများ တာဝန်ကျရာ နေရာဒေသများသို့ အဆင်ပြေစွာ သွားရောက်တာဝန်ထမ်းဆောင်နိုင်ရေးအတွက် လိုအပ်သည်များ ပံ့ပိုးကူညီပေးပါရန် မေတ္တာရပ်ခံလိုပါကြောင်း။

သင်ရိုးညွှန်းတမ်းများနှင့် သင်တန်းများအတွက် စီစဉ်ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ သင်ရိုးသစ် G-4,G-7,G-10 ကျောင်းသုံးဖတ်စာအုပ်အသစ်များ၊ ဆရာလမ်းညွှန် စာအုပ်အသစ်များ၏ ကာလတိုသင်ကြားသင်ယူမှုနည်းလမ်းများ၊ မွမ်းမံသင်တန်းများ (On-line Training အပါအဝင်) အတွက်လည်း အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီမှ တာဝန်ရှိသူများနှင့် ပူးပေါင်းလျက် ယခု ပညာသင်နှစ်အတွက် စီစဉ်ဆောင်ရွက်မှုများနှင့် ကိုက်ညီသော သင်ရိုးမာတိကာ၊ သင်ခန်းစာများ စီစဉ်ဆောင်ရွက်သွားကြမည် ဖြစ်ပါကြောင်း၊ Home Assignment ပေး၍ သင်ယူတတ်မြောက်မှုကောင်းမွန်ရေးကို အထောက်အကူပြုနိုင်ရန်အတွက်လည်း မိဘများ ပူးပေါင်းပါဝင်လာရေးကို အားပေးကာ ကာလတိုသင်တန်းများ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

**ပူးပေါင်းကူညီ**

ကျန်းမာရေးအသိပညာပေးဆိုင်ရာ မွမ်းမံသင်တန်းများ၊ စကားဝိုင်းဆွေးနွေးပွဲများ၊ ပညာပေးဆောင်းပါးများ စီစဉ်ဆောင်ရွက်ခြင်း၊ ကျောင်းသား ကျောင်းသူများအား အာဟာရတိုက်ကျွေးခြင်း၊ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ခြင်း၊ ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခြင်းနှင့် ကျောင်းအပ်နှံရေးသီတင်းပတ်တွင် လိုက်နာဆောင်ရွက်ကြရမည့် လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် လူမှုရေးဝန်ကြီးများအနေဖြင့် မိဘအုပ်ထိန်းသူ၊ ဆရာ ဆရာမ၊ ပြည်သူများအားလုံးနှင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် လူမှုရေးဝန်ကြီးများနှင့် တက်ရောက်လာသူများက အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းညှိနှိုင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အသိုက်အဝန်းနှင့် အဖွဲ့အစည်းရေးရာ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်ရာထူးနေရာအတွက် မလေးရှား၊ မြန်မာ၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့၏ နိုင်ငံသားများထံမှ လျှောက်လွှာခေါ်ယူခြင်း

**နေပြည်တော် ဇွန် ၁၀**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ အာဆီယံအတွင်းရေးမှူးချုပ်ရုံးက အသိုက်အဝန်းနှင့်အဖွဲ့အစည်းရေးရာ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်ရာထူးနေရာအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် မလေးရှား၊ မြန်မာ၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့၏ နိုင်ငံသားများထံမှ လျှောက်လွှာများ ခေါ်ယူလျက်ရှိပါသည်။ လုပ်ငန်းတာဝန်နှင့် သတ်မှတ်အရည်အချင်းများအပါအဝင် အသေးစိတ်အချက်အလက်များကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ Website ဖြစ်သည့် https://asean.org/opportunities/vacancies-asec/ တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့၏ စတုတ္ထ (၁)နှစ်တာ ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၁၀**

ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပို့ဆောင် ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန တို့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်း အဝေးခန်းမ၌ ကျင်းပသည်။



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ စတုတ္ထ (၁) နှစ်တာ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ဒုတိယဝန်ကြီး ဦးကြည်မင်း ရှင်းလင်းပြောကြားစဉ်။

**ဆက်ကပ်လှူဒါန်းနိုင်ခဲ့**

သတင်းစာရှင်းလင်းပွဲ၌ သာသနာ ရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကြည်မင်း က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တော်အစိုးရ၏ ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲနှင့် ကထိန်သင်္ကန်းဆက်ကပ် လှူဒါန်းပွဲများကို နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်တွင် ဝန်ကြီး ဌာနမှ ကမကထပြုကာ အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ပါကြောင်း၊ သာသနာ တော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် ရဟန်း ၃၄၃ ပါး၊ သီလရှင် ၂၅ ပါးနှင့် လူပုဂ္ဂိုလ် ၁၄၇ ဦးတို့ကို ဘွဲ့ ဆက်ကပ်လှူဒါန်းနိုင်ခဲ့ပါကြောင်း။

မဟာဘွဲ့နှင်းသဘင် အခမ်းအနား များ ကျင်းပခြင်းအနေဖြင့် ဓမ္မာစရိယ၊ ပထမပြန်၊ နိကာယ်၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စသည့်ဘွဲ့များ ဆက်ကပ် ချီးမြှင့်လျက်ရှိရာ ၂၀၁၉ ခုနှစ်တွင် ဓမ္မာစရိယ ၁၀၁၈ ပါး၊ ဓမ္မာစရိယ (ပါဠိဂုဏ်ထူး) ၃ ပါး၊ ဓမ္မာစရိယ (မြန်မာဂုဏ်ထူး) ၇ ပါး၊ ပထမပြန် (ငယ်၊ လတ်၊ ကြီး) ၁၁၆၆၉ ပါး၊ နိကာယ် ၄၂၃၇ ပါး၊ အဘိဓမ္မာ ၁၈၀၂ ပါး၊ ဝိသုဒ္ဓိမဂ် ၃၀၄၀ ပါး၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်(ဂုဏ်ထူးဆောင်) ၄၅၈၅ ပါး ကို နှစ်အလိုက် ဆက်ကပ်ချီးမြှင့် လျက်ရှိပါကြောင်း။

**ပေါ်ထွန်းအောင်မြင်**

ပရိယတ္တိသာသနာတော် တည်တံ့ ပြန့်ပွားနိုင်ရန် "တိပိဋကဓရ တိပိဋက ကောဝိဒ" ဘွဲ့တော်များ ဆက်ကပ် လျက်ရှိရာ ၂၀၂၀ ပြည့်နှစ် (၇၂) ကြိမ် မြောက်စာမေးပွဲတွင် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ရ ၁၅ ပါးမြောက် အဖြစ် ရန်ကုန်တိုင်းဒေသကြီး ဒဂုံ မြို့သစ် (အရှေ့ပိုင်း)မြို့နယ် တိပိဋက ဓရ မဟာဂန္ဓဝင်နိကာယ်ကျောင်း တိုက်မှ သက်တော်(၄၅)နှစ်၊ သိက္ခာ (၂၄) ဝါရှိ ဘဒ္ဒန္တပညာဝံသာဘိဝံသ ဆရာတော်တစ်ပါး ပေါ်ထွန်းခဲ့ပါ ကြောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ် (ရန်ကုန်/မန္တလေး)မှ ၂၀၁၈ – ၂၀၁၉ ခုနှစ်တွင် B.A ၁၀၂ ပါး၊ M.A ၁၆ ပါးနှင့် Ph.D တစ်ပါး အောင်မြင်ခဲ့ပါကြောင်း။

ရွှေတိဂုံစေတီတော် ပြုပြင်မွမ်းမံမှု များအနေဖြင့် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့သစ်ကို ပြန်လည်ဖွဲ့စည်း ခဲ့ပြီး ထာဝရဘက်စုံပြုပြင်မွမ်းမံရေး လုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက် ခဲ့ပါကြောင်း၊ ထို့အတူ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် တစ်ပေ ပတ်လည် ရွှေစင်၊ ရွှေပြား ထုတ်လုပ် နိုင်သည့် ရွှေပြားကြိတ်စက်ရုံကို ဖွင့်လှစ်ခဲ့ပြီး အရည်အသွေးပြည့်မီ သော ရွှေပြားချပ်ရေ ၄၁၀ ထုတ်လုပ် နိုင်ခဲ့ပါကြောင်း။

ကျိုက်ထီးရိုးစေတီတော် ဂေါပက အဖွဲ့ကို ၂၀၁၆ ခုနှစ် ဩဂုတ် ၂၃ ရက် တွင် အဖွဲ့ဝင် ၁၁ ဦးဖြင့် အသစ်ဖွဲ့စည်း ခဲ့ပြီး စေတီတော်ရှိ အလှူခံပုံးများကို ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်နေမှု အား ဖျက်သိမ်း၍ ဂေါပကအဖွဲ့သစ်မှ တိုက်ရိုက်တာဝန်ယူ ဆောင်ရွက်ခဲ့ရာ ၂၀၁၉ ခုနှစ်တွင် ငွေကျပ် ၁၅ ဒသမ ၆၇၆ ဘီလီယံရရှိခဲ့ပါကြောင်း၊ ထို့ပြင် စေတီတော်၌ ယခင် ကန်ထရိုက်စနစ် ဖြင့် ဆောင်ရွက်နေသည့် ဓမ္မာရုံများ ကို ပြန်လည်သိမ်းယူခဲ့ပြီး ဘုရားဖူး ပြည်သူ ၁၂၇၉ ဦး အခမဲ့တည်းခိုနိုင် ရေးအတွက် စီစဉ်ဆောင်ရွက်ခဲ့ပါ ကြောင်း။

**ထာဝရငြိမ်းချမ်းရေးစေတီ**

အလားတူ ပြည်ထောင်စုကြီး ထာဝစဉ်ငြိမ်းချမ်းရေးကို ရည်မှန်းပြီး နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်း အနီး၌ ထာဝရငြိမ်းချမ်းရေးစေတီ တော်ကို နိုင်ငံတော်အကြီးအကဲများ၏ ကမကထပြုမှု၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး၊ တာဝန်ရှိသူများ၏ ကြိုးပမ်းမှုနှင့် စေတနာရှင်၊ အလှူရှင် ပြည်သူများ၏ ရက်ရောစွာလှူဒါန်းမှု တို့ဖြင့် ငွေကျပ် ၈ ဒသမ ၃၃ ဘီလီယံ ကျော်ခန့် အကုန်အကျခံ၍ စေတီတော် ကို တည်ထားနိုင်ခဲ့ပါကြောင်း။

ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ် ရေးအတွက် ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့များကို ၂၀၁၉ ခုနှစ် တွင် မြို့နယ်အဖွဲ့ ၁၂၂ ဖွဲ့၊ ခရိုင်အဖွဲ့ ၄၀ ၊ တိုင်းဒေသကြီး/ ပြည်နယ် အဖွဲ့ ၁၁ ဖွဲ့နှင့် ဗဟိုအဆင့် တစ်ဖွဲ့တို့ကို တိုးချဲ့ဖွဲ့စည်းခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ တွင် အမျိုးသားပြန်လည်သင့်မြတ်ရေး နှင့် ငြိမ်းချမ်းရေးထွန်းကားစေရန် အတွက် ဘာသာပေါင်းစုံ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ (Religions for Peace Advisory Forum)ကို ငြိမ်းချမ်းမေတ္တာ အဖွဲ့ (Religions for Peace Myanmar) မှ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် နေပြည်တော်ရှိ MICC-2 ၌ ပထမ အကြိမ်၊ နေပြည်တော် သင်္ဂဟ ဟိုတယ်၌ ၂၀၁၉ ခုနှစ် မေ ၇ ရက်တွင် ဒုတိယအကြိမ်နှင့် နိုဝင်ဘာ ၁၄ ရက် တွင် တတိယအကြိမ် ကျင်းပနိုင်ရန် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ပါကြောင်း။

**ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရေး**

စတုတ္ထ (၁) နှစ်တာကာလအတွင်း ယဉ်ကျေးမှုဆိုင်ရာ ဆောင်ရွက်မှုအနေ ဖြင့် ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသ ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ် ရေးအတွက် ၂၀၁၅ ခုနှစ်မှစတင်ပြီး သက်ဆိုင်ရာဌာန အဖွဲ့အစည်းများ နှင့်ပူးပေါင်း၍ ကြိုးပမ်းခဲ့ရာ အဇာ ဘိုင်ဂျန်နိုင်ငံ ဘာကူမြို့တွင် ၂၀၁၉ ခုနှစ် ဇွန် ၃၀ ရက်မှ ဇူလိုင် ၁၀ ရက် အထိ ကျင်းပခဲ့သည့် ကမ္ဘာ့အမွေအနှစ် ကော်မတီ ညီလာခံအစည်းအဝေးတွင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် ဇူလိုင် ၆ ရက်တွင် သတ်မှတ်ခဲ့ပါ ကြောင်း၊ အလားတူ ရခိုင်ပြည်နယ် မြောက်ဦး ယဉ်ကျေးမှုအမွေအနှစ် ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်ဖြစ်ရေးအတွက် ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် အဆိုပြုစာတွဲ (မူကြမ်း)ကို ကမ္ဘာ့အမွေအနှစ်စင်တာ သို့ ပေးပို့တင်ပြခဲ့ပြီး ဒေသတွင်း အေးချမ်းတည်ငြိမ်မှုရရှိပါက အဆိုပြု စာတွဲ အပြည့်အစုံ အမြန်ဆုံးတင်သွင်း သွားရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ မြောက်ဦးဒေသရှိ အာနန္ဒစန္ဒြ ကျောက်စာကို အာရှ – ပစိဖိတ်ဒေသ တွင်း မှတ်တမ်းအမွေအနှစ်စာရင်းဝင် အဖြစ် အသိအမှတ်ပြုခံရပြီး ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့မှတ်တမ်းအမွေ အနှစ် (Memory of the World) ပါဝင် နိုင်ရေး UNESCO သို့ ဆက်လက်၍ တင်သွင်းသွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် မြေပေါ်မြေ အောက် သယံဇာတများ၊ ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများ ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်၍ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် ပစ္စည်းများကို ပြည်ပနိုင်ငံသို့ တရား မဝင်နည်းလမ်းဖြင့် ရောင်းဝယ်မှုများ ပပျောက်နိုင်ရေးအတွက် ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံ အနှံ့ အပြားမှတွေ့ရှိရသည့် ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများကို တာဝန်သိသိ လာရောက်အပ်နှံပါက အဆိုပါပစ္စည်း၏ မူလတန်ဖိုး၊ အနု စိတ်လက်ရာတန်ဖိုးနှင့် ရှေးဟောင်း ခေတ်ကာလတန်ဖိုးများကို ထပ်ဆောင်း ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ စုဆောင်းထိန်းသိမ်းလျက်ရှိပါကြောင်း၊ စတုတ္ထ (၁) နှစ်တာကာလအတွင်း ရှေးဟောင်းဝတ္ထုပစ္စည်း အမျိုးအစား ၉၆၈၀ အတွက် ချီးမြှင့်ငွေကျပ် ၂၄၆၈ ဒသမ ၅၀၅ သိန်း ချီးမြှင့်ခဲ့ပါကြောင်း၊ ထို့ပြင် လှူဒါန်းအပ်နှံသူ ၁၈ ဦးထံမှ ရှေးဟောင်းဝတ္ထုပစ္စည်း အမျိုးအစား ၅၀ ကို စုဆောင်းထိန်းသိမ်းကာ အများ ပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန် အတွက် ပြတိုက်များတွင် ခင်းကျင်း ပြသထားပါကြောင်း။

**ဒြပ်ရှိဒြပ်မဲ့ အမွေအနှစ်**

သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနသည် ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဒြပ်ရှိ/ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ် စုစုပေါင်း ၂၂၈၉ ခုကို စာရင်းကောက်ယူ စုဆောင်းထိန်းသိမ်းထားရှိပြီး မြန်မာ့ သနပ်ခါးအား ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်တင်သွင်းနိုင်ရေး အလုပ်ရုံ ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ အလုပ်ရုံ ဆွေးနွေးပွဲမှရရှိလာသော ရလဒ်များ အပေါ် အခြေခံ၍ Nomination File ရေးသားခြင်း၊ ထည့်သွင်းရမည့် မှတ်တမ်းတင် ဗီဒီယိုရိုက်ကူးခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါ ကြောင်း။

ထို့ပြင် ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက် တွင် ငလျင်လှုပ်ခတ်မှုကြောင့် ပုဂံ ယဉ်ကျေးမှုဒေသမှာ စေတီပုထိုး ၃၈၉ ဆူ ပျက်စီးခဲ့ပြီး ငလျင်ဒဏ်ခံ ရှေးဟောင်းအဆောက်အအုံ ပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းများကို ဦးစား ပေးအလိုက် ဆောင်ရွက်ခဲ့ရာ စေတီ ပုထိုး ၃၈၉ ဆူအနက် ၁၁ ဆူကျန်ရှိ၍ ၎င်းတို့ကို ၂၀၂၀ ပြည့်နှစ်အတွင်း အပြီးပြုပြင် ထိန်းသိမ်းဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း။

**ပြုပြင်မွမ်းမံ**

ထို့အတူ ရန်ကုန်မြို့ အမှတ် (၆၀၄/ ၆၀၈) ကုန်သည်လမ်း ပန်းဘဲတန်း မြို့နယ်ရှိ အမျိုးသားစာကြည့်တိုက် (ရန်ကုန်)ကို ပြောင်းရွှေ့ဖွင့်လှစ်နိုင် ရေးအတွက် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနနှင့် အဆောက်အဦဦးစီးဌာနတို့ လုပ်ငန်း သဘောတူစာချုပ် ချုပ်ဆို၍ ၂၀၁၇ – ၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ အဆောက် အဦ ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများ ကို ဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် ဧပြီလ ပထမပတ်အတွင်း၌ ဖွင့်ပွဲ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့သော် လည်း ကိုဗစ်–၁၉ ကြောင့် ဖွင့်ပွဲအခမ်း အနားကျင်းပနိုင်ခြင်း မရှိသေးပါ ကြောင်း၊ သက်တမ်းအားဖြင့် ၂၈ နှစ်တာကာလ ကြာမြင့်ပြီဖြစ်သည့် အမျိုးသားဇာတ်ရုံ(ရန်ကုန်)ကို တရုတ် ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် အကြီးစား ပြုပြင်မွမ်းမံရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Beijing Construction Engineering Group Co., Ltd. မှ အသံစနစ်များ၊ ဇာတ်စင်သုံး မီးစနစ်များ၊ အဲကွန်းစနစ်များ၊ ပွဲကြည့်ထိုင်ခုံများ၊ အဆောက်အအုံ ပိုင်းဆိုင်ရာ အဆင့်မြှင့်တင်ခြင်း၊ အလိုအလျောက် မီးငြိမ်းသတ်စနစ် အဆင့်မြှင့်တင်ခြင်းနှင့် အခြား အထွေထွေပြုပြင်မွမ်းမံခြင်းလုပ်ငန်း များကို အဆင့်မြှင့်တင်ဆောင်ရွက် သွားမည်ဖြစ် ပြီး ၂၀၁၉ ခုနှစ် ဩဂုတ် ၁၀ ရက်မှစ၍ နှစ်နှစ်ကြာ ပြင်ဆင် ဆောင်ရွက်လျက်ရှိပါကြောင်း။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေးအတွက် ၂၀၁၈ – ၂၀၁၉ ပညာသင်နှစ်တွင် အနုပညာအထက် တန်းကျောင်း (ရန်ကုန်/မန္တလေး)၌ ပန်တျာနှင့် ပန်းချီပန်းပုဌာန၏ သင်တန်းသို့ သင်တန်းသား သင်တန်း သူ ၅၆ ဦးနှင့် နွေရာသီပန်းချီနှင့် ပန်တျာသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅၀၆ ဦး တက်ရောက်ခဲ့ပြီး သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ခဲ့ပါကြောင်း၊ ထို့အတူ မြန်မာ့ ရိုးရာယဉ်ကျေးမှုအကများကို အခြေခံ ကျောင်းများတွင် သင်ကြားနိုင်ရေး အတွက် မြန်မာအက အခြေခံကဗျာ လွတ်အက(ပထမအဆင့်) ဆင့်ပွား နည်းပြ သင်တန်းအမှတ်စဉ်(၁/၂၀၁၉) နှင့် (၂/ ၂၀၁၉)ကို ယဉ်ကျေးမှုရတနာ ခန်းမ၌ ဖွင့်လှစ်ခဲ့ရာ ပညာရေးဝန်ကြီး ဌာန အခြေခံပညာကျောင်းများမှ ဆရာ ဆရာမ ၂၀၀ နှင့် သာသနာရေး နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (သာသနာ ရေး)မှ ဝန်ထမ်း ၂၀ တို့ သင်တန်း တက်ရောက်ခဲ့ပါကြောင်း၊ အနုပညာ ဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ် (မန္တလေး/ရန်ကုန်)တို့မှ ကျောင်းသား ကျောင်းသူများက နိုင်ငံတော်အဆင့် အခမ်းအနားများ၊ ပြည်တွင်း/ ပြည်ပ ယဉ်ကျေးမှု ဖလှယ်ရေး ဖျော်ဖြေတင်ဆက်မှုများ၊ နယ်လှည့်ဖျော်ဖြေတင်ဆက်ခြင်း နှင့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် အခမ်းအနားများတွင် မြန်မာ့ယဉ်ကျေး မှုအနုပညာများဖြင့် ဖျော်ဖြေတင်ဆက် မှုများ ဆောင်ရွက်ခဲ့ပါကြောင်း။

**ဘွဲ့များပေးအပ်နိုင်ခဲ့**

စတုတ္ထ (၁)နှစ်တာကာလအတွင်း အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်များအနေဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်မားရေး၊ မြန်မာ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးစရိုက် လက္ခဏာများ မပျောက်ပျက်အောင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက် နိုင်ရေး၊ ဖော်ထုတ်မြှင့်တင်နိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိရာ ဝိဇ္ဇာဘွဲ့(ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့် ပြဇာတ်)၊ ဝိဇ္ဇာဘွဲ့ဂုဏ်ထူးတန်း (ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့် ပြဇာတ်)၊ ဘွဲ့လွန်အနုပညာဒီပလိုမာဘွဲ့ (ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု)၊ ဘွဲ့လွန်အနု ပညာကွန်ပျူတာဒီပလိုမာဘွဲ့၊ ဘွဲ့လွန် ဒီပလိုမာ (ပြတိုက်၊ ရှေးဟောင်း သုတေသနပညာ၊ စာကြည့်တိုက်)၊ အချိန်ပိုင်းအနုပညာဒီပလိုမာ၊ မဟာ ဝိဇ္ဇာဘွဲ့ (Earn Degree)၊ မဟာဝိဇ္ဇာဘွဲ့၊ ဂုဏ်ထူးဆောင်ဝိဇ္ဇာဘွဲ့၊ ဂုဏ်ထူး ဆောင်မဟာဝိဇ္ဇာဘွဲ့နှင့် ဂုဏ်ထူး ဆောင်ပါရဂူဘွဲ့တို့အတွက် ၁၆၃၂ ဦး ကို အမျိုးသားယဉ်ကျေးမှုနှင့် အနု ပညာတက္ကသိုလ် (ရန်ကုန်)နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(မန္တလေး)တို့မှ ဘွဲ့များ ပေးအပ်နိုင်ခဲ့ပါကြောင်း။

**ဆောင်ရွက်လျက်ရှိ**

သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန၏ သာသနာရေးကဏ္ဍ အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၃၄)နှင့်အညီ နိုင်ငံသားတိုင်း လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် ရရှိရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၃၆၁)ပါ နိုင်ငံသားအများဆုံး ကိုးကွယ်ရာဖြစ်သော ဂုဏ်ထူး ဝိသေသရှိသည့် ဗုဒ္ဓသာသနာတော်ကြီး သန့်ရှင်းရေး၊ တည်တံ့ရေး၊ ထွန်းကား ပြန့်ပွားရေးတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကုသိုလ်ယူရင်း နိုင်ငံတော် အစိုးရ၏ သာသနာရေးလုပ်ငန်း တာဝန်များကို တစ်ဖက်တစ်လမ်းမှ ပခုံးထမ်းဆောင်ရွက်ပေးလျက်ရှိပါ ကြောင်း၊ တစ်ဖက်မှ မတူကွဲပြားသည့် ဘာသာဝင်များအချင်းချင်း အတူတကွ ချစ်ကြည်စွာ ရေရှည်ယှဉ်တွဲနေထိုင် နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၃၆၃) အရ နိုင်ငံတော်မှ အသိမှတ်ပြုထား သော ဘာသာသာသနာများကို တတ်နိုင်သမျှ ကူညီစောင့်ရှောက်လျက် ရှိပါကြောင်း၊ သာသနာရေးပဋိပက္ခ များမှ စတင်သော မငြိမ်းချမ်းမှုများ သည် နိုင်ငံရေးဖြစ်စဉ်များဆီသို့ ကူးပြောင်းရောက်ရှိ မသွားရေး အတွက် ပြည်ထောင်စုဝန်ကြီး၏ အနီးကပ်ကြီးကြပ်မှုဖြင့် ရဟန်း၊ ရှင်၊ လူ(ဘာသာရေး ဆရာများ၊ ဘာသာဝင် အသီးသီးမှ ပြည်သူများ)၏ ပူးပေါင်း ပါဝင်မှုနှင့်အတူ ဆောင်ရွက်လျက် ရှိပါကြောင်း ရှင်းလင်းပြောကြား သည်။

**စာမျက်နှာ ၅ သို့** ■

■ စာမျက်နှာ ၄ မှ

ထို့နောက် သတင်းမီဒီယာများက ရခိုင်ပြည်နယ်ရှိ ယူနက်စကို စာရင်းဝင်အဖြစ် ဆောင်ရွက်နေသည့်နေရာ နှစ်ခုအား လက်ရှိဖြစ်ပွားနေသည့် တိုက်ပွဲများကြောင့် ယူနက်စကို စာရင်းဝင်ဖြစ်အောင် ဆောင်ရွက်ရန် ကျန်ရှိသည့် ၂၀ ရာခိုင်နှုန်းနှင့် စပ်လျဉ်း၍ မေးမြန်းရာ **ဒုတိယဝန်ကြီး ဦးကြည်မင်း**က ရခိုင်ပြည်နယ် မြောက်ဦး ယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်စေရေးအတွက် Nomination Procedure Draft အား ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် ကမ္ဘာ့အမွေအနှစ်ကော်မတီသို့ ပေးပို့ခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပြုစာတွဲ Nomination Procedure Complete ပေးပို့ရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများအနက် ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီး ၂၀ ရာခိုင်နှုန်းကျန်ရှိနေပါကြောင်း၊ အဆိုပါ အစီရင်ခံစာ၏ ၂၀ ရာခိုင်နှုန်း၌ ဒေသခံပြည်သူများက လိုက်နာဆောင်ရွက်ရန် အချက်များ ပါရှိသဖြင့် မြေပြင်ကွင်းဆင်းကာ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေး၍ ၎င်းတို့၏ သဘောထားနှင့် အကြံဉာဏ်များ တောင်းခံရန် လိုအပ်ပါကြောင်း၊ မြေပြင်ကွင်းဆင်းဆောင်ရွက်ရာတွင် ဝန်ကြီးဌာနမှ ဝန်ထမ်းများ အပါအဝင် UNESCO မှ ပညာရှင်အဖွဲ့ဝင်များ ပါဝင်ရမည်ဖြစ်၍ လက်ရှိဖြစ်ပေါ်နေသည့် မြေပြင်အနေအထားအရ ကွင်းဆင်းသွားလာရန် အခက်အခဲရှိပါကြောင်း၊ နယ်မြေဒေသ အေးချမ်းလာသည့်အချိန်တွင် မိမိတို့အနေဖြင့် ချက်ချင်းဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသတွင် စေတီပုထိုးများ ဌာပနာဖောက်ခြင်းနှင့် မီးရှို့ခံရသည့်ဖြစ်စဉ်များနှင့်ပတ်သက်၍ ဝန်ကြီးဌာနအနေဖြင့် စစ်ဆေးဆောင်ရွက်နေမှု၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမတိုင်မီနှင့် ရွေးကောက်ပွဲအလွန်ကာလတွင် ဘာသာရေးဆိုင်ရာပဋိပက္ခများ မဖြစ်ပေါ်စေရေး စီမံဆောင်ရွက်သွားမည့် အခြေအနေ၊ ပုဂံဒေသလုံခြုံရေးနှင့် ပတ်သက်၍ ဆက်လက်သုံးသပ်ဆောင်ရွက်သွားမည့် အခြေအနေနှင့် သံဆူးကြိုးကာရံကြသည့် စားသောက်ဆိုင်များနှင့် ပတ်သက်၍ ဆောင်ရွက်နေမှု၊ ကိုဗစ်-၁၉ ကာလတွင် ဘာသာရေးအရ စုဝေးမှုများကြောင့် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ခဲ့မှု အခြေအနေ၊ ဦးဝီရသူနှင့် ဦးလှဆွေတို့အား အမှုဖွင့်တိုင်ကြားထားသော်လည်း ဖမ်းဆီးရမိခြင်းမရှိသေးသည့်အပေါ် ဝန်ကြီးဌာန၏ သဘောထားမှတ်ချက်၊ ဘုန်းကြီးကျောင်းဝင်းများအတွင်း လူနေအိမ်တည်ဆောက်မှုများကို သာသနာရေးနှင့် လူမှုရေးအရ ရောထွေးမှုအပေါ် အရေးယူဆောင်ရွက်နေမှုအခြေအနေ၊ ဘုရားစေတီပုထိုးများ ပြန်လည်ဖွင့်လှစ်မည့် အချိန်ကာလတို့နှင့် စပ်လျဉ်း၍ ပြည်တွင်း/ပြည်ပ သတင်းမီဒီယာများက မေးမြန်းကြရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ **အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်**က ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် စတုတ္ထ (၁) နှစ်တာကာလအတွင်း သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံ စီမံကိန်းများကို နှစ်ရှည်အမျိုးသားပို့ဆောင်ရေး ပင်မစီမံကိန်း၊ အမျိုးသားထောက်ပံ့ပို့ဆောင်ရေး ပင်မစီမံကိန်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။



ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ စတုတ္ထ (၁) နှစ်တာ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့် ရှင်းလင်းပြောကြားစဉ်။

ထိုသို့ ဆောင်ရွက်ရာတွင် မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်မှုကို ဂျပန်နိုင်ငံ၏ ODA ချေးငွေ၊ နိုင်ငံတော်ဘဏ္ဍာငွေတို့ဖြင့် ၂၀၁၇ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်လျက်ရှိပြီး ၂၀၂၂ ခုနှစ်တွင် ပြီးစီးရန် လျာထား ဆောင်ရွက်လျက် ရှိပါကြောင်း၊ ရန်ကုန်မြို့ပတ်ရထားလမ်း၌ အတွင်းလမ်း၊ အပြင်လမ်း အပါအဝင် ဒွေးလမ်းအတွက် စုစုပေါင်းသံလမ်းမိုင် ၅၉ မိုင်ရှိပြီး ကိုးချောင်းဆက် သံလမ်းခင်းခြင်း၊ လမ်းခင်းကျောက် ဖြည့်တင်းခြင်း၊ တံတား တည်ဆောက်ခြင်းများအနေဖြင့် ၅၁ မိုင်ခွဲ ပြီးစီးနေပြီဖြစ်ပါကြောင်း၊ ရထားလမ်းပေါ်၌ ကျူးကျော်များ မရှိအောင်ကာကွယ်ရန် မြို့ပတ်ဧရိယာ အုတ်တံတိုင်း ၄၂ မိုင်ခန့်နှင့် ခြံစည်းရိုးကာရံမှု ရှစ်မိုင်ခန့်ကို ယခုနှစ်အတွင်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

**အဆင့်မြှင့်တင်**

ရန်ကုန်-မန္တလေးလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်းကို ဂျပန်နိုင်ငံ၏ ODA ချေးငွေ ဖြင့် အဆင့် နှစ်ဆင့်ခွဲကာ ၂၀၁၇ ခုနှစ်မှ စတင် အကောင်အထည်ဖော်လျက်ရှိပြီး ပထမအဆင့် ရန်ကုန်နှင့် တောင်ငူအကြား ၁၆၆ မိုင် ဒွေးလမ်းကို အဆင့်မြှင့်တင်နေပါကြောင်း၊ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်မှစ၍ ဖြစ်နိုင်ခြေလေ့လာခြင်း၊ အသေးစိတ်ဒီဇိုင်းရေးဆွဲခြင်း၊ စီမံကိန်းကြီးကြပ်မှုအကြံပေးအဖွဲ့ကို တင်ဒါခေါ်ယူငှားရမ်းခြင်း၊ စာချုပ်ချုပ်ဆိုခြင်း၊ ကုန်ကျစရိတ် ဈေးနှုန်းများကို ညှိနှိုင်းစစ်ဆေးခြင်း စသည်တို့ကို ဆက်တိုက်လုပ်ဆောင်ခဲ့ရာ ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက်မှစပြီး ဆောင်ရွက်ခဲ့၍ အပိုင်း(၁)တစ်ခုလုံးတွင် လေးထောင့်ပွန်ပေါက် တံတားပေါင်း ၂၀၂ စင်း ပြင်ဆင်ရမည်ဖြစ်ပြီး တံတားကြီး ၃၅ စင်း တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ အဆင့်(၂) ဖြစ်သည့် တောင်ငူ-မန္တလေးအပိုင်းကို တစ်ပြိုင်နက်တည်း ဆောင်ရွက်လျက်ရှိရာ အသေးစိတ်ဒီဇိုင်းနှင့် ကုန်ကျစရိတ် တွက်ချက်မှုပြီးစီးနေပြီဖြစ်၍ တင်ဒါခေါ်ယူမှု လုပ်ငန်းဆောင်ရွက်နေပါကြောင်း၊ အဆိုပါစီမံကိန်းတစ်ခုလုံးကို ၂၀၂၃ ခုနှစ်တွင် ပြီးစီးအောင် ဆောင်ရွက်နေပါကြောင်း။

**နှစ်ကြိမ် ဆန်းစစ်**

မန္တလေး-မြစ်ကြီးနား လမ်းပိုင်း အဆင့်မြှင့်တင်ရာ၌ နမ့်ခမ်း-ဘုံချောင်းနှင့် မော်ဟန်-ကာဒူ လမ်းပိုင်းနေရာများသည် ခက်ခဲကြမ်းတမ်းသော လမ်းပိုင်းဖြစ်၍ ၎င်းအခက်အခဲများ ပြေပျောက်အောင် ကိုရီးယားအင်ဂျင်နီယာအဖွဲ့နှင့် ဖြစ်နိုင်စွမ်းကို နှစ်ကြိမ်ဆန်းစစ်ခဲ့ရာ ဥမင် တစ်ခု၊ တံတားကြီးတစ်စင်းနှင့် ဘူတာအသစ် နှစ်ခု တည်ဆောက်ရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ဂျိုးထောင်မှ မဲဇာအထိ ၂၄ မိုင်၊ မော်ဟန် - ကာဒူအထိ ၁၀ မိုင်နှင့် စုစုပေါင်း ၃၄ မိုင်ကို ကိုရီးယားသမ္မတနိုင်ငံ၏ ချေးငွေအမေရိကန်ဒေါ်လာ ၁၂၅ သန်းဖြင့် တည်ဆောက်ရန် လွှတ်တော်၏ ခွင့်ပြုချက်ရရှိပြီး ကိုရီးယားနိုင်ငံ EXIM Bank နှင့် ချေးငွေစာချုပ်ချုပ်ဆိုရန် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

အလားတူ ရန်ကုန် - ပြည်လမ်းပိုင်းကို ADB ၏ချေးငွေဖြင့် အဆင့်မြှင့်တင်နိုင်ရေးအတွက် စီမံကိန်းဖြစ်မြောက်နိုင်မှု လေ့လာခြင်းနှင့် ချေးငွေညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပဲခူး - မော်လမြိုင် လမ်းပိုင်းကို ကိုးချောင်းဆက် သံလမ်းဂဟေဆက်ခြင်းနှင့် ကျောက်ဖြည့်ပက်ကင်ရိုက်ခြင်းတို့ကို ပဲခူးမှသထုံအထိဆောင်ရွက်ပြီးဖြစ်၍ သထုံ - မော်လမြိုင် လမ်းပိုင်းကို ယခုနှစ်အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် နှစ်အလိုက် ယာဉ်စီးရေ များလာသည့်အတွက် မှတ်ပုံတင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် စာရင်းပြုစုခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် ယာဉ်မတော်တဆဖြစ်ပွားမှုများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ လျှော့ချခဲ့ပါကြောင်း။

ရေကြောင်းပို့ဆောင်ရေး ကဏ္ဍအနေဖြင့် ရေလမ်းထိန်းသိမ်းရေးလုပ်ငန်းကို ပြည်ထောင်စု ဘတ်ဂျက်ဖြင့် ၆၈ နေရာ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေများဖြင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၉၆၄ ခု ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ကမ်းပြိုကာကွယ်ရေး လုပ်ငန်းများတွင် မြို့ကြီးများနှင့် လူနေထူထပ်သောနေရာများကို ဦးစားပေး၍ ဧရာဝတီ၊ ချင်းတွင်း၊ မူးနှင့် ဒုဋ္ဌဝတီ စသည့် မြစ်များတွင် ဆောင်ရွက်ခဲ့ပါကြောင်း၊ တွံတေးတူးမြောင်း ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို ကိုရီးယား EDCF ချေးငွေ အမေရိကန်ဒေါ်လာ ၆၁ ဒသမ ၃ သန်းနှင့် နိုင်ငံတော်ဘဏ္ဍာငွေ ၇ ဒသမ ၉၄ သန်း စုစုပေါင်းအမေရိကန်ဒေါ်လာ ၆၉ ဒသမ ၂၄ သန်းဖြင့် ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ်တွင် ပြီးစီးမည်ဖြစ်ပါကြောင်း၊ မန္တလေး၊ မုံရွာ၊ ပခုက္ကူနှင့် ဗန်းမော်မြို့များတွင် ဆိပ်ကမ်းများ တည်ဆောက်ရန်ရှိပြီး ယခုနှစ်ထဲတွင် မန္တလေးဆိပ်ကမ်းကို ကွန်တိန်နာတင်ပို့နိုင်သော ပြည်တွင်းရေကြောင်း ဆိပ်ကမ်းအဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း။

**တိုးချဲ့ဆောင်ရွက်**

အလားတူ မိမိတို့နိုင်ငံ၏ ပိုင်နက်နယ်မြေ မဆုံးရှုံးစေရန်အတွက် မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသော မြစ်/ချောင်းများ၏ မိမိဘက်ကမ်းများ မပြိုစေရန် အရေးကြီးသည့်နေရာများကို ဦးစားပေးအလိုက် မြေထိန်းနံရံများ တည်ဆောက်ခဲ့ရာ လေးနှစ်အတွင်း ၇၆၅၃၂ ပေအထိ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ထို့ပြင် ရန်ကုန်ဆိပ်ကမ်းအဝင် ရေလမ်းကြောင်း ရေရှည်ကောင်းမွန်စေရေးအတွက် သောင်တူးဖော်ခြင်းလုပ်ငန်းကို ၂၀၁၈ ခုနှစ် မေလမှ စတင်ဆောင်ရွက်ခဲ့ရာ ရေလမ်းကြောင်း တည်ငြိမ်မှုကို အတိုင်းအတာတစ်ခုအထိ ထိန်းသိမ်းနိုင်ပြီး Vessel Traffic Navigation Aid in Yangon River ကို ဂျပန်နိုင်ငံ၏ အကူအညီဖြင့် ဆက်လက်ဆောင်ရွက်ရန် ညှိနှိုင်းလျက်ရှိပါကြောင်း၊ အနာဂတ်တွင် တိုးတက်လာမည့် ရေကြောင်းကုန်သွယ်မှုများကို မျှော်မှန်း၍ USAID နှင့် ပူးပေါင်းကာ ဆိပ်ကမ်း အခြေခံအဆောက်အအုံဆိုင်ရာ ဖြစ်နိုင်ခြေလေ့လာမှုနှင့် Master Plan ရေးဆွဲခြင်းများကို ၂၀၁၉ ခုနှစ် အောက်တိုဘာလမှ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလအထိ ဆောင်ရွက်လျက်ရှိပါကြောင်း။

လေကြောင်းပို့ဆောင်ရေး ကဏ္ဍအနေဖြင့် လေကြောင်းခရီးသွားလာမှုတွင် အပြည်ပြည်ဆိုင်ရာ လေဆိပ်များနှင့် ပြည်တွင်းလေဆိပ်များသို့ ၂၀၁၉ ခုနှစ်တွင် ခရီးသည် စုစုပေါင်း ၁၁ ဒသမ ၃ သန်းအထိ ဝင်/ထွက်ခဲ့ပါကြောင်း၊ ခရီးသွားလာမှုများသည့် ပြည်တွင်းလေဆိပ်များ ဖြစ်သော ဟဲဟိုး၊ မော်လမြိုင်နှင့် ကော့သောင်းလေဆိပ်တို့ကို PPP စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန် တင်ဒါခေါ်ယူခဲ့ပါကြောင်း၊ မော်လမြိုင်လေဆိပ်သည် စီးပွားရေးကော်မတီက ခွင့်ပြုပြီးဖြစ်၍ စာချုပ်ချုပ်ဆိုရန် ဆောင်ရွက်နေပါကြောင်း၊ သံတွဲလေဆိပ်ကို ယခုနှစ်နှင့် လာမည့်နှစ်များတွင် စင်လုံးငှားလေယာဉ်များ ဆင်းသက်နိုင်သော လေဆိပ်အဖြစ် အပြည်ပြည်ဆိုင်ရာ လေကြောင်းအဖွဲ့ချုပ်၏ စံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်း၊ လေယာဉ်ပြေးလမ်း ထပ်ပိုးလွှာတင်ခြင်း၊ လေဆိပ်အဆောက်အအုံ (Terminal) ကို ခရီးသည်များဝင်ထွက်၍ ကောင်းမွန်စေရန် ပြုပြင်မွမ်းမံခြင်းများကို နှစ်နှစ်အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်ကို ဂျပန်နိုင်ငံအစိုးရနှင့် G to G ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာအမျိုးသားလေကြောင်းအနေဖြင့် ပြည်တွင်း ၂၈ မြို့နှင့် ပြည်ပခရီးစဉ်များအဖြစ် စင်ကာပူ၊ ဗန်ကောက်၊ ချင်းမိုင်၊ ဟောင်ကောင်၊ ချန်ဒူး၊ ဂါယာသို့ ပုံမှန်ခရီးစဉ်များ ပျံသန်းလျက်ရှိပါကြောင်း။

ဆက်သွယ်ရေး ကဏ္ဍအနေဖြင့် ၂၀၁၃ ခုနှစ်မှစ၍ ပုဂ္ဂလိကပါဝင်မှုမြှင့်တင်ရန် စတင်ဆောင်ရွက်ခဲ့ရာ ပြည်တွင်းကုမ္ပဏီနှစ်ခုနှင့် ပြည်ပကုမ္ပဏီနှစ်ခုကို တစ်နိုင်ငံလုံး ဆက်သွယ်ရေး ဝန်ဆောင်မှုများ ဆောင်ရွက်နိုင်သည့် Nationwide Telecommunication လိုင်စင်များ ချထားပေးခဲ့ပါကြောင်း၊ အလားတူ ဝန်ဆောင်မှုနှင့်ပတ်သက်သည့် လုပ်ငန်းလိုင်စင် လေးမျိုးရှိပြီး ပြည်တွင်း၊ ပြည်ပကုမ္ပဏီ ၂၀၅ ခုက ပါဝင်ဆောင်ရွက်နေပါကြောင်း။

**လျာထားဆောင်ရွက်**

Myanmar e-Governance Master Plan နှင့်အညီ အီလက်ထရွန်နစ်အစိုးရအောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ဦးဆောင်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် နည်းပညာကဏ္ဍ သုံးရပ်ကို ဦးဆောင်ကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများ ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့သို့ဆောင်ရွက်ရာ၌ e-Government စနစ်တွင် အရေးကြီးသည့် Integrated Data Center ကို နေပြည်တော်တွင် ၂၀၂၂ ခုနှစ် ဩဂုတ်လအတွင်း ပြီးစီးအောင် လျာထားဆောင်ရွက်နေပါကြောင်း။

မြန်မာ့စာတိုက်လုပ်ငန်း၌ စာတိုက်ပေါင်း ၁၃၈၉ ခုရှိပြီး ၈၄၁ ခုသည် ငွေရေးကြေးရေး ပါဝင်ဆောင်ရွက်နိုင်သည့် စာတိုက်များဖြစ်ပါကြောင်း၊ မြန်မာ့စာတိုက်လုပ်ငန်းကို ကမ္ဘာ့စာပို့တိုက်သမဂ္ဂက စာတိုက်လုပ်ငန်း လွှမ်းခြုံနိုင်သည့် ဆောင်ရွက်ချက်များအပေါ် အမှတ်ပေးရာ၌ ၂၀၁၆ ခုနှစ်တွင် အဆင့် ၁၂၆ ရှိခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် အဆင့် (၉၁) အထိ အဆင့်သတ်မှတ်ချက် မြင့်တက်လာပါကြောင်း၊ ထို့အတူ ဝန်ကြီးဌာနရှိ ဗဟိုပို့ဆောင်ဆက်သွယ်ရေး သင်တန်းကျောင်း၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်စသည့် ဌာနအသီးသီးမှ သင်တန်းများ ပိုမိုဖွင့်လှစ်ပြီး လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးလျက် ရှိပါကြောင်း၊ ဝန်ကြီးဌာနသည် ပြည်သူများအတွက် ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများ ပေးအပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

**လေ့လာမှုပြုလုပ်ခဲ့**

ထို့နောက် သတင်းမီဒီယာများက မူဆယ်-မန္တလေး ရထားလမ်းစီမံကိန်းနှင့်စပ်လျဉ်း၍ မေးမြန်းရာ **မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘမြင့်**က မူဆယ် - မန္တလေး ရထားလမ်းသည် ယခုအချိန်တွင် ဖြစ်မြောက်နိုင်ခြေလေ့လာမှု (Feasibility Study) ကို ပြုလုပ်ပြီးဖြစ်ပါကြောင်း၊ ထိုသို့ ပြုလုပ်ရာတွင် လူနှင့်ပတ်ဝန်းကျင်ထိခိုက်မှုနှင့်ပတ်သက်၍ ဆက်လက်လေ့လာမှု ပြုလုပ်နေပါကြောင်း၊ မိမိတို့ နိုင်ငံအတွက် ထိခိုက်မှုမရှိစေရန် သက်ဆိုင်ရာ အဖွဲ့အစည်းအားလုံးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုစီမံကိန်းသည် ဒုတိယအကြိမ် ပြန်လည်စတင်ခြင်း ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် ၂၀၁၀ ပြည့်နှစ်ကလည်း ဖြစ်မြောက်နိုင်ခြေ လေ့လာမှု (Feasibility Study) ပြုလုပ်ခဲ့ပါကြောင်း။

မိမိတို့နိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေးအတွက် အကျိုးရှိမည့် လုပ်ငန်းဖြစ်မည်ဆိုပါက လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ ယခုစီမံကိန်းအတွက် ဆွစ်ဇာလန်နိုင်ငံမှ ကုမ္ပဏီတစ်ခုက Third Party အဖြစ် အကူအညီလာရောက်ပေးမည်ဖြစ်ပြီး အဆိုပါ Third Party က လမ်းအူကြောင်းတည်ရှိမှုမှအစ ဈေးနှုန်းများအထိ အားလုံးကို စိစစ်ပေးသွားမည်ဖြစ်ပါကြောင်း။

**ဆောင်ရွက်သွားမည်**

ထိုသို့ စိစစ်ပေးပြီး နိုင်ငံအတွက် အဆင်ပြေမှုရှိမှသာ မည်သို့ဆောင်ရွက်မည်ဆိုသည့် Method of Operation ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံအတွက် နစ်နာမှုမရှိစေရန် သေချာစိစစ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့ ဒေသတွင်း အာဆီယံနိုင်ငံများဖြစ်သည့် လာအိုနှင့် ကမ္ဘောဒီးယားတွင် ဆောင်ရွက်ခဲ့သည့် ရထားလမ်းပိုင်းများကို လေ့လာပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏အကျိုးစီးပွားကို ကာကွယ်ပေးနိုင်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး မိမိတို့နိုင်ငံနှင့် လူမျိုးအတွက် ကောင်းကျိုးများရရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ရခိုင်ပြည်နယ်ရှိ မြို့နယ်အချို့တွင် အင်တာနက်လိုင်းများ ပိတ်ထားခဲ့ပြီး ပြန်ဖွင့်ပေးမှု အခြေအနေနှင့်စပ်လျဉ်း၍ မေးမြန်းရာ **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်း**က ရခိုင်ပြည်နယ် မြို့နယ်အချို့တွင် အင်တာနက်လိုင်းများကို ၂၀၁၉ ခုနှစ် ဇွန်လတွင် မြေပုံမြို့နယ်၌ စတင်ပိတ်ခဲ့ပြီး ပြန်လည်ဖွင့်လှစ်ပေးခဲ့ပါကြောင်း၊ ကြားကာလတွင် မြို့နယ်တချို့ကို အင်တာနက်ပြန်ပိတ်ခဲ့ပါကြောင်း၊ စာမျက်နှာ ၆ သို့ ✪

# အလုပ်လည်းလုပ်၊ နားလည်းနား

ခင်မောင်ညို(ဘောဂဗေဒ)

အိမ်ကနေပြီး အလုပ်လုပ်ကြလို့ ပြောနေချိန်မှာ ဘယ်နေရာကလုပ်လုပ်ဆိုတဲ့ သဘောတရားတစ်ခုပါ ထပ်ပေါ်လာပါတယ်။ အဝေးကနေ အလုပ်လုပ်ကြရာမှာ အဆင်ပြေတဲ့အချိန်လုပ်ဆိုတဲ့ သဘောတရားက ကပ်ပါလာပြန်ပါတယ်။ ကလေးငယ်တွေရှိနေတဲ့ ဝန်ထမ်းတွေဆိုရင် ကလေးတွေ အိပ်ရာဝင်မှ စလုပ်ကြရမယ်။ စောစောလုပ်တဲ့သူဆိုရင်တော့ စောစောနားကြပေါ့။ နောက်ကျမှစရရင် နောက်ကျမှနားကြပေါ့။

ပြဿနာက လူတိုင်းက သူတို့အဆင်ပြေတဲ့အချိန်လုပ်နေကြရင် ကိုယ့်ဆီကို တစ်နေ့လုံး၊ တစ်ညလုံး၊ တစ်ပတ်လုံးစာတွေ၊ အီးမေးလ်တွေ တောက်လျှောက်ဝင်နေတော့မှာပဲ။ အဆင်ပြေတဲ့အချိန် မဟုတ်တော့ဘဲ အမြဲတမ်းဖြစ်နေတော့မယ်။ ခုလို စိန်ခေါ်မှုတွေနဲ့ ကြုံကြိုက်နေတဲ့အချိန်မှာ တချို့လုပ်ငန်းတွေအတွက် အမြဲတမ်းအလုပ်လုပ်တဲ့ အခြေအနေမျိုး လိုအပ်နေပေမယ့် လုပ်ငန်းအားလုံးအတွက်တော့ မလိုအပ်ပါဘူး။ လုပ်ငန်းတစ်ခုတည်းမှာတောင်မှ လူအားလုံးအတွက် မလိုအပ်ပါဘူး။

စိုးရိမ်စရာက တစ်ခါအလေ့အထဖြစ်သွားပြီဆိုရင် နောင်အခါကျ ပြင်ဖို့ခက်တတ်ပါတယ်။ အမြဲတမ်းအလုပ်လုပ်ကြရမယ်ဆိုရင် မလိုအပ်ဘဲ ပင်ပန်းနွမ်းနယ်ပြီး ပျော်စရာမကောင်းတဲ့ ပတ်ဝန်းကျင်တစ်ခု ဖြစ်လာပါမယ်။ ကြိုးစားမှုအရှိဆုံး ဝန်ထမ်းတွေတောင်မှ တခြားထွက်ပြေးချင်စိတ်တွေ ပေါက်လာစေနိုင်ပါတယ်။

ဝန်ထမ်းတွေအတွက်က အခုလိုအခြေအနေမျိုးတွေဟာ အသစ်အဆန်းဖြစ်နေပြီး အဆင်သင့် မဖြစ်သေးတာကို တွေ့ရပါတယ်။ အဓိကအချက်ကတော့ ဘယ်လိုအချိန်မှာပဲ ဆက်သွယ်ကြ၊ စာပို့ကြပါလို့ တိတိကျကျသတ်မှတ်ပေးဖို့လိုပါတယ်။ ဥပမာ နံနက် ၈ နာရီကနေ ညနေ ၆ နာရီအတွင်းပဲ ရုံးကိစ္စတွေ စာပို့ကြပါဆိုတာမျိုးပေါ့။ ဒီအချိန်ပြင်ပဆိုရင် လက်ခံတဲ့ဘက်က "မနှောင့်ယှက်ပါနဲ့"ဆိုတာမျိုးတွေ၊ ပို့တဲ့သူကလည်း သတ်မှတ်ချိန် schedule အတွင်းရောက်မှ ကိုယ့်စာထွက်သွားအောင် လုပ်တာတွေ စီစဉ်ထားလို့ရပါတယ်။

### တွန်းအားတွေကို ရင်ဆိုင်နိုင်မှာဖြစ်

သတ်မှတ်ချိန်အပြင်ဘက်မှာတော့ အရေးတကြီးကိစ္စတွေ၊ အချိန်နဲ့တစ်ပြေးညီ လုပ်စရာတွေ ရှိတယ်ဆိုရင် ဖုန်းဆက်ချင်ဆက်၊ စာတိုလေးပို့ချင်ပို့။ ဒီလိုဆိုအင်တာနက်မသုံး၊ ကွန်ပျူတာမဖွင့်ဘဲ သက်သောင့်သက်သာနေလို့ရမယ်။ ဖုန်းဆက်ရတော့မယ်၊ စာတိုပို့ရတော့မယ်ဆိုရင် စဉ်းစားရပြီ။ "ဒီလူနဲ့ အခုချက်ချင်း ဆက်သွယ်ဖို့လိုသလား၊ စောင့်လို့ရသေးသလား "။ ဒီအခါ လိုရင်လိုအပ်သလိုအလုပ်လုပ်၊ မလိုအပ်ဘဲနဲ့သူများရဲ့ အချိန်ဇယားအတိုင်း ကိုယ်က တစ်ချိန်လုံး လိုက်အလုပ်လုပ်နေစရာမလိုတော့ဘူး။ အခုလို စိန်ခေါ်မှုတွေများပြားနေတဲ့အချိန်မှာ အနားယူဖို့ အချိန်ဟာလည်း အရေးကြီးပါတယ်။ လျှော့တွက်လို့မရပါဘူး။ ဝန်ထမ်းတွေဟာ သင့်တော်တဲ့ အနားယူချိန်ရမှ တွေ့ကြုံလာရမယ့် တွန်းအားတွေကို ရင်ဆိုင်နိုင်မှာ ဖြစ်ပါတယ်။

ဒီမူဝါဒကို ချမှတ်အကောင်အထည်ဖော်ရာမှာ လိုက်နာစရာတွေရှိပါတယ်။ ပြဿနာကို ထိပ်တိုက်ရင်ဆိုင်ပါ။

"ကိုယ်အလုပ်လုပ်နေတဲ့အချိန်ကိုလည်း သတိထားကြပါ။ သတ်မှတ်အလုပ်ချိန်ထက် ပိုမလုပ်ကြပါနဲ့၊ ပိုအလုပ်လုပ်ဖို့ လိုတဲ့အချိန်မျိုး ဆိုရင်လည်း ပြောပါမယ်။ အလုပ်လုပ်ချိန်လုပ်၊ နားချိန်နားကြပါ" ဆိုတာမျိုးပြောပြလို့ရတယ်။ ကိုယ့်လုပ်ငန်းက ကိုဗစ်ကြောင့် ထိခိုက်နစ်နာနေတဲ့အခါမျိုးဆို ဒီလိုစကားမျိုးပြောဖို့က ဝန်လေးတတ်ကြတယ်။ ဒါပေမဲ့ အခုလို ပြောပြထားတာဟာ ရေရှည်အတွက် အကျိုးရှိပါတယ်။

ဆက်သွယ်ရေးလမ်းကြောင်းအတွက် လမ်းညွှန်မှုတွေ ချမှတ်ထားပေးပါ။ ဘယ်လို အခြေအနေမျိုးဆိုရင် ဘယ်လိုဆက်သွယ်ရေးလမ်းကြောင်းကို သုံးပါလို့ တိတိကျကျ၊ ရှင်းရှင်းလင်းလင်း ချမှတ်ထားပါ။ ဒီလမ်းညွှန်ချက်တွေကို

> ❖ သတ်မှတ်ချိန်အပြင်ဘက်မှာတော့ အရေးတကြီးကိစ္စတွေ၊ အချိန်နဲ့တစ်ပြေးညီ လုပ်စရာတွေရှိတယ်ဆိုရင် ဖုန်းဆက်ချင်ဆက်၊ စာတိုလေးပို့ချင်ပို့။ ဒီလိုဆို အင်တာနက်မသုံး၊ ကွန်ပျူတာမဖွင့်ဘဲ သက်သောင့်သက်သာနေလို့ရမယ်။
>
> ❖ မလိုအပ်ဘဲနဲ့ သူများရဲ့အချိန်ဇယားအတိုင်း ကိုယ်က တစ်ချိန်လုံး လိုက်အလုပ်လုပ်နေစရာမလိုတော့ဘူး။ အခုလို စိန်ခေါ်မှုတွေများပြားနေတဲ့အချိန်မှာ အနားယူဖို့ အချိန်ဟာလည်း အရေးကြီးပါတယ်။ လျှော့တွက်လို့မရပါဘူး။ ဝန်ထမ်းတွေဟာ သင့်တော်တဲ့ အနားယူချိန်ရမှ တွေ့ကြုံလာရမယ့် တွန်းအားတွေကို ရင်ဆိုင်နိုင်မှာ ဖြစ်ပါတယ်။

ပထမအချက်အနေနဲ့ ပြဿနာတစ်စုံတစ်ရာတွေ့ပြီဆိုရင် ဖုံးကွယ်မထားဘဲ လက်ခံအသိအမှတ်ပြုပါ။ အနားယူဖို့ လိုအပ်တာကိုလည်း အလေးပေးပါ။ အင်တာနက်ခန်းမတစ်ခု လုပ်ထားပါ။ လူတိုင်းအဝေးကနေ တစ်ယောက်နဲ့တစ်ယောက်ဆက်သွယ်နိုင်ကြအောင်ပေါ့။ လွယ်လွယ်ပြောရရင် ဖေ့စ်ဘွတ်အုပ်စု၊ ဗိုက်ဘာအုပ်စုတို့ဖွဲ့ထားသလိုမျိုးပေါ့။ အမှုဆောင်အရာရှိချုပ်တွေ၊ အကြီးတန်းခေါင်းဆောင်တွေပေးပို့တဲ့ သတင်းစကားတွေ၊ Live လွှင့်တာတွေကို တင်ထားနိုင်တယ်။ ခေါင်းဆောင်တွေက ပုံမှန်တင်ပေးနေကြပြီး အနားယူချိန်ရဲ့အရေးပါမှုကိုလည်း သူတို့ကိုယ်တိုင်က လက်ခံအသိအမှတ်ပြုကြောင်း ပြောကြဖို့လိုအပ်ပါတယ်။

ကိုဗစ်အလွန် အိမ်ကနေအလုပ်လုပ်စရာ မလိုတော့ဘဲ ရုံးပြန်တက်ရတဲ့အချိန်အထိ ဆက်လက်ကျင့်သုံးပါ၊ လိုက်နာပါ။ ဥပမာ အရေးတကြီး အချိန်နဲ့တစ်ပြေးညီ လုပ်ရမယ့် အလုပ်မျိုးဆိုရင် အီးမေးလ်မသုံးတာမျိုးပေါ့၊ အခုလို လုပ်လိုက်တော့ အီးမေးလ်ကို ပုံမှန်သုံးစရာလို့ဖြစ်သွားအောင် လုပ်ပေးလိုက်သလို ဖြစ်သွားပြီး တစ်ချိန်လုံး အီးမေးလ်စစ်နေစရာ မလိုတော့ဘူး။ တကယ်တော့ ဘယ်သူမှလည်း တစ်ချိန်လုံးအီးမေးလ် စစ်နေနိုင်ကြတာ မဟုတ်ဘူး။ တစ်ချိန်လုံးအီးမေးလ်ပဲ စစ်နေကြရင်လည်း အချိန်ကုန် လူပန်းပဲဖြစ်မယ်၊ အလုပ်တွင်မှာမဟုတ်ဘူး။

တကယ်လို့သာ အီးမေးလ်ကို အရေးတကြီး အလေ့သုံးဆယ်လုပ်ရမယ့် ကိစ္စတွေ၊ အချိန်နဲ့တစ်ပြေးညီလုပ်ရမယ့် ကိစ္စတွေအတွက်သုံးရမယ်လို့ သတ်မှတ်ထားရင် စာဝင်ဝင်ချင်း ကြည့်ရမယ်၊ အချိန်နည်းနည်းပေးရမယ်။ ဝန်ထမ်းတွေနားချိန်မရှိဘူး။ တခြားအရေးကြီးတဲ့ အလုပ်တွေလည်း သေသေချာချာအာရုံစိုက်လုပ်ချိန်မရကြတော့ဘူး။ ဝန်ထမ်းတွေအတွက် အနှောင့်အယှက်မရှိ၊ ကိုယ့်အလုပ်ကို အာရုံစိုက်လုပ်နိုင်တဲ့အချိန်တွေ လိုအပ်ပါတယ်။ ရုံးအတွင်း၊ ရုံးအပြင် ဘယ်လို ဘယ်အချိန်မှာ ဆက်သွယ်ကြမယ်ဆိုတာ ရှင်းရှင်းလင်းလင်းရှိရပါမယ်။

### နည်းပညာကိုအသုံးချပါ

ကိုယ်လုပ်ချင်၊ ဖြစ်ချင်တာတွေ လုပ်နိုင်ဖြစ်နိုင်ဖို့ နည်းပညာကိုအသုံးချပါ။ ဥပမာ ဆာဗာကို သတ်မှတ်အချိန်မဟုတ်ရင် စာမထွက်အောင် ပရိုဂရမ်ဆွဲပေးထားတာမျိုး၊ သတ်မှတ်ချိန်မဟုတ်ရင် စာလက်မခံတာမျိုးတွေ လုပ်ပါ။

### စံပြလုပ်ပြပါ

လူတွေက ခေါင်းဆောင်တွေ ဘာလုပ်နေသလဲ ဆိုတာကို အမြဲတမ်းကြည့်ပြီးအတုယူနေကြတာပါ။ ခေါင်းဆောင်တွေက အခုပြောပြခဲ့တာကို စံနမူနာအနေနဲ့ လုပ်ပြရပါမယ်။ အဲဒီလိုမှမဟုတ်ရင် အောင်မြင်ဖို့ ခက်ပါတယ်။ တခြားလူတွေကို စီမံခန့်ခွဲနေတဲ့သူတွေဟာ ချမှတ်ထားတဲ့ လမ်းညွှန်ချက်တွေကို ကိုယ်တိုင်က လိုက်နာကြရပါမယ်။ ဆုပေးဒဏ်ပေးလည်းလုပ်ကြရပါမယ်။

သတ်မှတ်ချိန်အပြင်မှာ စာပြန်တာမျိုးကို ကျေးဇူးတင်ကြောင်းပြောရင် ကိုယ်ချထားတဲ့စည်းကမ်းကို ကိုယ်တိုင်က မလိုက်နာရာရောက်ပါတယ်။ ခေါင်းဆောင်တွေ ကိုယ်နှိုက်က မလိုက်နာတဲ့ မူဝါဒဆိုတာ မူဝါဒမဟုတ်တော့ပါဘူး။ ခေါင်းဆောင်ကစ မလိုက်နာရင် ယုံကြည်မှုပျက်ပြားပြီး အဖွဲ့အစည်းရဲ့ ဓလေ့ထုံးစံတွေလည်း ပျက်စီးစေပါတယ်။ မူဝါဒကတခြား၊ လူတွေလုပ်နေတာက တခြား ဖြစ်သွားစေနိုင်ပါတယ်။

ကိုယ်မျှော်လင့်တွက်ဆထားတာမဟုတ်တဲ့ အခြေအနေတွေနဲ့တွေ့တဲ့အခါ အခြေအနေသစ်အောက်မှာ လုပ်ငန်းရဲ့ မူလအလေ့အထကို ပျက်ယွင်းသွားစေနိုင်တာတွေလည်း မမျှော်လင့်ဘဲ ပေါ်ပေါက်လာတတ်ပါတယ်။ အခြေအနေသစ်ရဲ့ စရိုက်လက္ခဏာတွေ၊ ရလဒ်တွေကို သေသေချာချာ ဂရုမစိုက်ရင် ရေရှည်ဒုက္ခပေးနိုင်ပါတယ်။ ကိုယ့်လုပ်ငန်းရဲ့ အလေ့အထတွေလည်း မထိခိုက်အလုပ်နဲ့အနားယူချိန်လည်းမျှတတဲ့ မူဝါဒတွေကိုချမှတ်အကောင်အထည်ဖော်နိုင်ပါတယ်။ ။

**ရည်ညွှန်း – Harvard Business Review**

❂ စာမျက်နှာ ၅ မှ

နောက်ဆုံး အခြေအနေအရ မောင်တောမြို့နယ်တွင် မကြာသေးမီက ပြန်ဖွင့်ပေးခဲ့ပါကြောင်း၊ ကျန်ရှိသည့် မြို့နယ်တချို့ကို ဩဂုတ် ၁ ရက်အထိ ပိတ်ထားရန် ညွှန်ကြားထားပါကြောင်း၊ ယင်းသို့ပိတ်ရခြင်းမှာ ဆက်သွယ်ရေးဥပဒေအရ အများပြည်သူအကျိုးကို ထိခိုက်နေသည့်အတွက် ပိတ်ထားရခြင်းဖြစ်ပြီး အများပြည်သူအကျိုးကို မထိခိုက်နိုင်ဟု သုံးသပ်နိုင်ပါက ပြန်လည်ဖွင့်လှစ်ပေးသွားမည် ဖြစ်ကြောင်း ဖြေကြားသည်။

### ရှင်းလင်းဖြေကြား

ဆက်လက်၍ နိုင်ငံ့ဝန်ထမ်းအကြီးအကဲများအနေဖြင့် ပုဂ္ဂလိကကုမ္ပဏီများတွင် Share ဖြစ်စေ၊ BOD ဖြစ်စေ ပါဝင်နေပါက အကျိုးစီးပွားရောထွေးမှုမရှိစေရန် စီမံဆောင်ရွက်ထားရှိမှု၊ ရန်ကုန်ဆိပ်ကမ်းတွင် X-Ray စက်များဖြင့် စစ်ဆေးဆောင်ရွက်နေမှု၊ Myanmar Cyber Security အနေဖြင့် နိုင်ငံတကာ ဆက်သွယ်ရေးကုမ္ပဏီများနှင့်ပူးပေါင်း၍ နည်းပညာအဆင့်မြှင့်တင်နေမှု၊ သံလွင်မြစ်ဝနှင့် ဝေနမြစ်တို့တွင် ပြည်ပအလံလွှင့်သင်္ဘောများ သောင်တူးသည့်လုပ်ငန်းများ လုပ်ကိုင်နေမှုနှင့် လုပ်ငန်းလုပ်ပိုင်ခွင့် ထုတ်ပေးထားသည့်အခြေအနေ၊ ရန်ကုန်မြစ်ကြောင်း ရှင်းလင်းရေးဆောင်ရွက်နေမှုနှင့် လုပ်ငန်းများဆောင်ရွက်ရန် တင်ဒါခေါ်ယူမှု အခြေအနေ၊ ယာဉ်လိုင်းများ ပုံမှန်ပြန်လည်ပြေးဆွဲမည့် အချိန်ကာလနှင့် ဟောင်းနွမ်းနေသည့် ဘူတာရုံများ ပြန်လည်ပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ Sim Card မှတ်ပုံတင်ခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့၏ သတင်းစာရှင်းလင်းပွဲကို ဇွန် ၁၂ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

**ဟန်မျိုးစိုး၊ ကေတာ**

**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဝန်ကြီးများအဆင့် အွန်လိုင်းအထူးအစည်းအဝေးသို့ တက်ရောက်ဆွေးနွေး

**နေပြည်တော်  ဇွန်  ၁၀**

အာဆီယံလူမှုဝန်ထမ်းနှင့် လူမှုဖွံ့ဖြိုးရေးဆိုင်ရာဝန်ကြီးများအဆင့် အွန်လိုင်း အထူးအစည်းအဝေး (Special Online Meeting of the ASEAN Minister Meeting on Social Welfare and Development–AMMSWD))ကို အာဆီယံ အတွင်းရေးမှူးချုပ်ရုံးက ဦးဆောင်၍ ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်ဆွေးနွေးသည်။



**သင်ခန်းစာကောင်းများကို မျှဝေဆောင်ရွက်**

အဆိုပါ အစည်းအဝေးဖွင့်ပွဲတွင် AMMSWD အလှည့်ကျဥက္ကဋ္ဌ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံမှ အလုပ်သမားနှင့်လူမှုဝန်ထမ်းဝန်ကြီးက ကိုဗစ်–၁၉ ကပ်ရောဂါသည် မိမိတို့ အာဆီယံနိုင်ငံများအတွင်းရှိ ထိခိုက်လွယ်အုပ်စုများကို အထူးဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေကြောင်း၊ မိမိတို့နိုင်ငံများ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များနှင့် လူမှုဝန်ထမ်းဝန်ဆောင်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားစေလိုပါကြောင်း၊ သင်ခန်းစာကောင်းများကိုလည်း မျှဝေဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်ပြီး အာဆီယံအတွင်းရေးမှူးချုပ်ရုံးအဖွဲ့က ကိုဗစ်–၁၉ ကပ်ရောဂါကာလအတွင်း အာဆီယံဒေသတွင်းနိုင်ငံများရှိ ထိခိုက်လွယ်အုပ်စုများအပေါ် သက်ရောက်မှုအခြေအနေများနှင့် အာဆီယံနိုင်ငံများ၏ တုံ့ပြန်ဆောင်ရွက်မှုအခြေအနေများကို သုံးသပ်တင်ပြသည်။

**ဆွေးနွေး**

ယင်းနောက် အာဆီယံနိုင်ငံများအလိုက် ဝန်ကြီးများက အလှည့်ကျ ဆွေးနွေးတင်ပြရာတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မိမိတို့မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်–၁၉ ကပ်ရောဂါ အကျပ်အတည်းကာလအတွင်း မည်သူတစ်ဦးတစ်ယောက်မျှ မချန်ထားဘဲ ကပ်ရောဂါကြောင့်သက်ရောက်မှုများကို လျှော့ချနိုင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများကို မိမိတို့အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ NGOs များ၊ လူမှုရေးအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများအားလုံးနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူများကို စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီပေးမှုများ၊ မိခင်နှင့်ကလေးများ၊ သက်ကြီးရွယ်အိုများအား လူမှုရေးစောင့်ရှောက်မှုနှင့် ငွေကြေးထောက်ပံ့မှုအစီအစဉ်များ ဆောင်ရွက်မှုနှင့် မသန်စွမ်းမှုအမျိုးအစားအလိုက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆောင်ရွက်မှုများ၊ IDP Camp များတွင် ထောက်ပံ့ကူညီပေးမှုများနှင့် တစ်နိုင်ငံလုံးရှိ ကိုဗစ်–၁၉ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေကြသည့် စေတနာ့ဝန်ထမ်းများကို ပံ့ပိုးကူညီရေးနှင့် လုပ်ငန်းများ ထိရောက်စေရေးအတွက် အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ကို ၂၀၂၀ ပြည့်နှစ် ဧပြီ ၁၅ ရက်တွင် ဖွဲ့စည်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးခဲ့သည်။

ထို့နောက် အာဆီယံနိုင်ငံများအနေဖြင့် ကိုဗစ်–၁၉ ကပ်ရောဂါကာလအတွင်း ကလေးသူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများစသည့် ထိခိုက်လွယ်အုပ်စုများအတွင်း အလေးပေးကာကွယ်စောင့်ရှောက်နိုင်ရေး Joint Statement ကို ဆွေးနွေးအတည်ပြုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်ဆိုင်ရာ ရည်ညွှန်းစာစောင်များ လွှဲပြောင်းပေးအပ်

**နေပြည်တော်  ဇွန်  ၁၀**

အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်ဆိုင်ရာ တက္ကသိုလ် အဆင့်ရည်ညွှန်းစာစောင်များနှင့် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် ရည်ညွှန်းစာစောင်တို့ကို ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ ဖတ်ရှုလေ့လာနိုင်ရန်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်များရှိ ဥပဒေအထောက်အကူပေးရေးအဖွဲ့ရုံးများသို့ ဖြန့်ဝေပေးရန်နှင့် စာကြည့်တိုက်တွင် ထားရှိနိုင်ရန်အတွက် လွှဲပြောင်းပေးအပ်ခြင်းကို ယမန်နေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ အစည်းအဝေးခန်းမ၌ ကျင်းပသည်။




**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့မှ အတွင်းရေးမှူး ဦးခင်ဇော်နှင့်အဖွဲ့ဝင်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ အတွင်းရေးမှူး ဦးစန်းဝင်းနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကော်မရှင်အတွင်းရေးမှူး ဦးစန်းဝင်းက ယခုလွှဲပြောင်းပေးအပ်သော စာစောင်များမှာ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် အခြေခံပညာအထက်တန်းအဆင့် ရည်ညွှန်းစာစောင်၊ ဖြောင့်မတ်တည်ကြည်မှုနှင့်ကျင့်ဝတ် တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်(၁)၊ (၂)နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးတက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်(၁) စုစုပေါင်း လေးမျိုးဖြစ်ပြီး ကော်မရှင်၏လူထုအသိပညာပေးရေး လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့နှင့် လက်အောက်ခံရုံးများ၊ စာကြည့်တိုက်များတွင် ထားရှိနိုင်ရေးအတွက် ဖြန့်ဝေပေးနိုင်ရန် လွှဲပြောင်းပေးရခြင်းဖြစ်ပါကြောင်း၊ ကော်မရှင်သည် ၂၀၁၈–၂၀၂၂ မဟာဗျူဟာစီမံချက်အရ ဥပဒေမူဘောင် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်ခဲ့ပါကြောင်း၊ အဆိုပါဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ည)တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်ခန်းစာများကို အခြေခံပညာမူလတန်းအဆင့်မှ စတင်သင်ကြားနိုင်ရေး ပြဋ္ဌာန်းထားပြီးဖြစ်၍ ၂၀၁၈ ခုနှစ်တွင် မူလတန်းအဆင့် ဆရာကိုင် စာအုပ် အုပ်ရေ ၄၀၀၀၀ နှင့် ၂၀၁၉ ခုနှစ်တွင် အလယ်တန်းအဆင့် ဆရာကိုင်စာအုပ် အုပ်ရေ ၄၀၀၀၀ ကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ယခုနှစ်တွင် အထက်တန်းအဆင့်နှင့် တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်များကို အချိန်တိုအတွင်း ကြိုးစားပြုစု၍ မဏ္ဍိုင်သုံးရပ်သို့ လွှဲပြောင်းပေးအပ်လှူဒါန်းသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များသည် တရားဥပဒေစိုးမိုးရေးတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ရသည့် အဖွဲ့အစည်းများဖြစ်သည့်အပြင် ပြစ်မှုကျူးလွန်ခြင်းများကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အများပြည်သူအား ဥပဒေဆိုင်ရာဗဟုသုတတိုးပွားစေရန် ပညာပေးရေးလုပ်ငန်းများကို ဆောင်ရွက်ရသည့်အတွက် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ လက်အောက်ခံရုံးများရှိ ဥပဒေပညာရှင်များမှ ယခုလှူဒါန်းသည့် ရည်ညွှန်းစာစောင်များအား ဖတ်ရှုလေ့လာပြီး အဂတိကင်းစင်သော လူ့ဘောင်အသိုက်အဝန်း ဖော်ဆောင်ရေးအတွက် အများပြည်သူသို့ အသိပညာဗဟုသုတများ ဆက်လက်မျှဝေပေးသွားကြရန် မေတ္တာရပ်ခံအပ်ပါကြောင်း ပြောကြားခဲ့ပြီး ရည်ညွှန်းစာစောင် အစုံ ၃၀၀ အား လွှဲပြောင်းပေးအပ်သည်။

ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူက ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် ရည်ညွှန်းစာစောင်များကို မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်နှင့် တက္ကသိုလ်အဆင့်အလိုက် ပြုစုဆောင်ရွက်မှုများနှင့် အဆိုပါစာအုပ်များကို လေ့လာဖတ်ရှုခြင်းအားဖြင့် လူငယ်များအနေဖြင့် ကိုယ်ကျင့်တရားဆိုင်ရာ အခြေခံကောင်းများရရှိစေပြီး အနာဂတ်တွင် နိုင်ငံ့ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များစသည့် နယ်ပယ်အသီးသီးတွင် တာဝန်ယူဆောင်ရွက်ရမည်ဆိုပါက ကောင်းမွန်သော အကျိုးသက်ရောက်မှုများ ရရှိမည်ဖြစ်ပါကြောင်း၊ အနာဂတ်တွင် ဆိုးကျိုးများနည်းပါးစွာဖြင့် ဖြောင့်မတ်တည်ကြည်စွာရပ်တည်နိုင်ပြီး အဂတိလိုက်စားမှုများကို ဆန့်ကျင်ခြင်း၊ ဖော်ထုတ်ပြသသည့် အလေ့အကျင့်ကောင်းများ ရရှိလာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ပိုမိုထိရောက်နိုင်**

ထို့နောက် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အတွင်းရေးမှူးက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ရည်ညွှန်းစာစောင်များ လွှဲပြောင်းပေးအပ်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ကော်မရှင်မှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် အသိပညာပေးဇာတ်လမ်းတိုများ၊ စာအုပ်စာစောင်များ ပြုစုထုတ်ဝေရေးသားနိုင်ခဲ့ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ အဂတိလိုက်စားမှုပြုလုပ်ခြင်းသည် ဖြောင့်မတ်တည်ကြည်မှု ဆုံးရှုံးပျက်စီးခြင်းဖြစ်ပါသဖြင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်များကို သင်ကြားပေးမည့် ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများအတွက် အတွေးအခေါ်များ ထည့်သွင်းသင်ကြားနိုင်မည်ဆိုပါက ပိုမိုထိရောက်နိုင်ပါကြောင်း၊ ယခုရည်ညွှန်းစာစောင်များသည် ရည်ရွယ်ချက်ကောင်းများဖြင့် ပြုစုထုတ်ဝေခဲ့သည့်အတွက် မိမိတို့အနေဖြင့်လည်း နေပြည်တော်ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးအသီးသီးရှိ အဖွဲ့ဝင်များအား ဖတ်ရှုလေ့လာစေ၍ လူထုအသိပညာပေးရေးဆိုင်ရာ အခမ်းအနားများတွင် ထည့်သွင်းဟောပြောဆွေးနွေးသွားရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ကျေးရွာတွင်း လမ်းအဆင့်မြှင့်တင်ခြင်း ရာနှုန်းပြည့်ပြီးစီး

**ဝန်းသို  ဇွန်  ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်အတွင်းရှိ မြောက်ကုန်းကျေးရွာ ဖွံ့ဖြိုးရေးအတွက် ကျေးရွာတွင်းလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အကောင်အထည်ဖော်ဆောင်ရွက်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းထောက်ပံ့ငွေကျပ်သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေများဖြင့် ရွာတွင်းလမ်းများကို ချောင်းသဲကျောက်ခင်းပြီး လမ်းဘေးနှစ်ဖက်ကို ကွန်ကရစ်ပေါင်ကွပ်၍ အရှည်ပေ ၁၂၀၀ ခင်းခြင်းလုပ်ငန်းအပြင် ပေကုန်းနှင့်ရွာချင်းဆက်လမ်း ပေ ၁၀၀၀ နှင့် အခြေခံပညာအလယ်တန်းကျောင်းသို့သွားသည့် လမ်းအရှည်ပေ ၁၅၀၀ ချောင်းသဲကျောက်ခင်းခြင်းလုပ်ငန်းများကို ကျေးရွာလူထုကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

**မွေးကြူဇင် (မုံရွာကိုယ်ပွား)**

## ကြေးမုံ

# ဝန်းကျင်တစ်ခို သာယာစေလို

မိုးဦးဝင်ရောက်ပြီဆိုလင့်ကစား မိုးရွာသွန်းမှုနည်းပါးသဖြင့် အပူဒဏ်က လျော့မသွား၊ သစ်ပင်သစ်ရွက်တို့ရွက်နုဝေကာ စိမ်းစိမ်းစိုစိုထွက်လာသဖြင့် လေပူဒဏ်က သက်သာသလိုတော့ရှိ၏။ မိမိတို့ပတ်ဝန်းကျင်တွင် သစ်ပင်ပန်းမန်တို့ စိမ်းစိုလန်းဆန်းနေသည်ကိုမြင်ရမှုက စိတ်ကိုအေးချမ်းစေ၏။ ထို့ကြောင့် ဝန်းကျင်တစ်ခိုသာယာစေလိုသောဆန္ဒ ဖြစ်ပေါ်မိသည်။

ဝန်းကျင်တစ်ခိုဟုဆိုရာတွင် မိမိပတ်ဝန်းကျင်မှသည် တိုင်း၊ နိုင်ငံ၊ ကမ္ဘာတစ်ဝန်းနှင့် ဆက်ဆိုင်သော နေရာဒေသများကို ဆိုလိုခြင်းဖြစ်ပါသည်။ မိမိပတ်ဝန်းကျင်တွင် စိမ်းစိုလန်းဆန်းနေပါက မိမိစိတ်ကိုအေးချမ်းစေသလို တိုင်း၊ နိုင်ငံဒေသအသီးသီး ကမ္ဘာတစ်ဝန်းတွင်လည်း စိမ်းစိုလန်းဆန်း အေးချမ်းစေ၏။

မိုးဦးကျခါစက သစ်ပင်လေးတစ်ပင် စိုက်ပျိုးထား၏။ နေ့ညမလပ်ကြည့်ရှုကာ ရေလောင်းပေါင်းသင် ပြုစုထား၏။ ဂရုတစိုက်စောင့်ရှောက်မှုကြောင့် မြေတွင်အမြစ်စွဲသည့်အသွင်သဏ္ဍာန်ကိုတွေ့ရ၏။ စိတ်တွင် အေးချမ်းမှု၊ ပျော်ရွှင်မှုကိုဖြစ်စေ၏၊ သစ်ပင်စိုက်ခြင်း အနုပညာတစ်ရပ်ပင်ဖြစ်ပါ၏။

မိုးဦးကျကာလတွင် နိုင်ငံတစ်ဝန်း သစ်ပင်စိုက်ပျိုးပွဲများကျင်းပကြတော့မည်။ သစ်ပင်အရေအတွက် သိန်း၊ သောင်းမက စိုက်ပျိုးကြတော့မည်။ ထိုသစ်ပင်များအားလုံးမဟုတ်တောင် တစ်ဝက်လောက် ရှင်သန်အောင်မည်သူတွေ ဂရုစိုက်စောင့်ရှောက်ကြမည်နည်း။ တစ်နှစ် တစ်နှစ်သစ်ပင်ဘယ်လောက်စိုက်သည်ကိုတော့ ကိန်းဂဏန်းအချက်အလက်များ တွေ့နိုင်၏။ ဘယ်နှပင်ရှင်သန်သည်ကိုတော့ စာရင်းဇယားဖြင့်ထားသည်ကိုမတွေ့ရ၊ ပွဲပြီးမီးသေ ဆိုစကားအတိုင်း သစ်ပင်စိုက်ပျိုးပွဲပြီးနောက် အပင်လည်း သေသွားသည့်အဖြစ်မျိုးမဖြစ်စေချင်။

ယနေ့ကမ္ဘာကြီးတွင် ပူပြင်းခြောက်သွေ့ခြင်း၊ ရာသီဥတုဆိုးရွားလာခြင်း၊ တောမီးလောင်ခြင်း၊ ရေကြီးရေလျှံခြင်း၊ ရောဂါအသစ်အဆန်းများပေါ်ပေါက်လာခြင်းစသည်ဖြင့် ဘေးဒဏ်အမျိုးမျိုးတို့ကို လူသားတို့ တွေ့ကြုံရင်ဆိုင်နေကြရသည်။ အကြောင်းအကျိုးဆက်စပ်မှုဖြစ်စဉ်အရ ကမ္ဘာကြီးပူနွေးလာမှုကြောင့် နှစ်သန်းပေါင်းများစွာကတည်းက တည်ရှိလာခဲ့သောရေခဲများအရည်ပျော်ကာ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာသည်။ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာသည်။ လူသားတို့နေထိုင်ရန်၊ စက်မှုလုပ်ငန်းများတိုးချဲ့ရန်၊ သဘာဝသယံဇာတများထုတ်ယူရန် စသဖြင့် အကြောင်းအမျိုးမျိုးကြောင့် သစ်ပင်များခုတ်လှဲမှုက သဘာဝပတ်ဝန်းကျင် ဂေဟစနစ်များကို ပျက်စီးစေကာ ဥတုရာသီများဖောက်ပြန်ခြင်း၊ အပူလွန်ကဲခြင်း၊ မိုးခေါင်ခြင်း၊ ရေကြီးခြင်းတို့ ဖြစ်ပေါ်လာရသည်။ ထိုနည်းတူ စက်မှုလုပ်ငန်းများမှ စွန့်ထုတ်လိုက်သော ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များကြောင့် အိုဇုန်းလွှာပျက်စီးကာ တစ်နှစ်ထက်တစ်နှစ် အပူချိန်မြင့်တက်လာနေသည်။ ဘယ်သူမပြု မိမိမှုဆိုသလို လူသားတို့၏ သဘာဝပတ်ဝန်းကျင်ဖျက်ဆီးမှုများကြောင့် ဖြစ်ပေါ်လာရသော ကြောင်းကျိုးဆက်နွှယ်မှု အကြောင်းရင်းများပင် ဖြစ်ပါသည်။

“ပတ်ဝန်းကျင်ဆိုသည်မှာ မြေထု၊ ရေထု၊ လေထု၊ ရာသီဥတု၊ အသံ၊ အနံ့၊ အရသာတို့ပါဝင်သည့် လူသားတို့ပတ်ဝန်းကျင်ရှိ ရုပ်ပိုင်းဆိုင်ရာ အကြောင်းအချက်များကိုလည်းကောင်း၊ တိရစ္ဆာန်များနှင့် အပင်အမျိုးမျိုးတို့၏ သက်ရှိဇီဝဆိုင်ရာ အကြောင်းအချက်များကိုလည်းကောင်း၊ သမိုင်း၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့် ပသာဒအလှအပဆိုင်ရာ အကြောင်းအချက်များကိုလည်းကောင်း စသည်တို့ကို ဆိုလိုသည်”ဟု ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်က အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

အထက်က အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန် ကမ္ဘာမြေပေါ်တွင် နေထိုင်ကြသည့် မိမိတို့တစ်ဦးချင်းတစ်ယောက်ချင်းတွင် တာဝန်ရှိပါသည်။ ထို့ကြောင့်ပင် မိမိတို့သုံးစွဲသောပစ္စည်းများကို ပြန်လည်သုံးစွဲနိုင်အောင် ကိုယ်တိုင်ဆောင်ရွက်ပြီး အများက လိုက်ပါဆောင်ရွက်နိုင်အောင်ကူညီဆောင်ရွက်ခြင်း၊ ပလတ်စတစ်သုံးစွဲမှု လျှော့ချခြင်း၊ လေထုသန့်စင်စေရန်နှင့် ရာသီဥတုမျှတစေရန် လူတိုင်းသစ်ပင်စိုက်ပျိုးခြင်း၊ စိုက်ပြီးသစ်ပင်များ ရှင်သန်အောင်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ကမ္ဘာကြီးအတွက် အဘက်ဘက်က အကူအညီပေးနိုင်သည့် လူသားကောင်းတစ်ယောက်ဖြစ်စေရန် စေတနာ့ဝန်ထမ်းတစ်ယောက်အဖြစ် မိမိကိုယ်ကို တည်ဆောက်ခြင်းတို့ဖြင့် မိမိတို့ဝန်းကျင်တစ်ခိုမှသည် ကမ္ဘာ့ပတ်ဝန်းကျင်သာယာလှပရေး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုက်ရပါသည်။

**သစ်ပင်စိုက်မှ အရိပ်ရ၏
ရိပ်ခိုနားနေ အပန်းပြေ၏**

# ရုပ်ရှင်နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ယခင်က ထင်ရှားကျော်ကြားခဲ့သည့် သမိုင်းဝင်ဇာတ်ကားများကို ဒစ်ဂျစ်တယ်စနစ်ပြုလုပ်၍ ရုပ်ရှင်ရုံများ၌ ပြသရေးဆွေးနွေး

ရန်ကုန် ဇွန် ၁၀



မြန်မာ့ရုပ်ရှင်ရာပြည့် အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး သမိုင်းဝင်ရုပ်ရှင်ဇာတ်ကားများ ဖော်ထုတ်ပြသရေး ဆပ်ကော်မတီနှင့် ပြခန်းများခင်းကျင်းပြသရေး ဆပ်ကော်မတီတို့၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးများကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဆွေးနွေး**

သမိုင်းဝင် ရုပ်ရှင်ဇာတ်ကားများ ဖော်ထုတ်ပြသရေး ဆပ်ကော်မတီ အစည်းအဝေးကို နံနက်ပိုင်းတွင် ကျင်းပရာ ဆပ်ကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယက ဦးနှင်းမိုးနှင့် ဆပ်ကော်မတီဝင်များက ၁၉၅၂ ခုနှစ်နောက်ပိုင်း အကယ်ဒမီရရှိခဲ့သည့် ရုပ်ရှင်ဇာတ်ကားများကို သမိုင်းဝင် ရုပ်ရှင်ဇာတ်ကားများအဖြစ် သတ်မှတ်ရေး၊ ရုပ်ရှင်နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ယခင်ကထင်ရှားကျော်ကြားခဲ့သည့် သမိုင်းဝင်ဇာတ်ကားများကို ဒစ်ဂျစ်တယ်စနစ်ပြုလုပ်၍ ရုပ်ရှင်ရုံများ၌ ဖော်ထုတ်ပြသရေး၊ သမိုင်းဝင်ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် ထူးချွန် ဝါရင့်အနုပညာရှင်များ၊ သရုပ်ဆောင်များနှင့် ရုပ်ရှင်ပညာရပ်နယ်ပယ်တွင် ထူးချွန်ထင်ရှားခဲ့သည့် ပုဂ္ဂိုလ်များကို အင်တာဗျူးဆောင်းပါးများ ရေးသားရိုက်ကူးဖော်ပြရေး၊ သမိုင်းဝင်ရုပ်ရှင်ဇာတ်ကားများ၊ ရုပ်ရှင်တေးသီချင်းများ၊ ရုပ်ရှင်ရာပြည့်အစီအစဉ်များနှင့် အကယ်ဒမီသမိုင်းကြောင်းများကို ရုပ်သံများနှင့် မြန်မာ့ရုပ်မြင်သံကြားတို့တွင် ရိုက်ကူးထုတ်လွှင့်ပြသရေးတို့ကို ဆွေးနွေးသည်။

ပြခန်းများ ခင်းကျင်းပြသရေး ဆပ်ကော်မတီ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ ဆပ်ကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယက ဦးအောင်မြင့်မြတ် ကိုယ်စား ဆပ်ကော်မတီအဖွဲ့ဝင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက ဦးကြည်စိုးထွန်းနှင့် ဆပ်ကော်မတီဝင်များက မြန်မာ့ရုပ်ရှင်နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပြခန်းများ၊ ပြသမည့်နေရာများ လျာထားမှုအခြေအနေ၊ မြန်မာ့ရုပ်ရှင် ဖြတ်သန်းခဲ့သည့် သမိုင်းတစ်လျှောက် အသုံးပြုခဲ့သော စက်ကိရိယာပစ္စည်းများ၊ မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသနိုင်ရေး၊ မြန်မာ့ရုပ်ရှင် ငွေရတု၊ ရွှေရတု၊ စိန်ရတု အခမ်းအနားများ ကျင်းပခဲ့သည့် မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသရေးနှင့် ခေတ်အဆက်ဆက် ရိုက်ကူးထုတ်လွှင့်ခဲ့သည့် ဇာတ်ကားများမှ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ၊ အသုံးပြုခဲ့သည့် ဇာတ်ဝင်ခန်းသုံးပစ္စည်းများ၊ အကယ်ဒမီပြခန်း၊ ကာတွန်းရုပ်ရှင်၊ ဇာတ်လမ်းတို ရုပ်ရှင်များ ခင်းကျင်းပြသရေး၊ အများပြည်သူပရိသတ်နှင့် ရုပ်ရှင်အနုပညာရှင်များ ရင်းနှီးမှုပိုမိုရရှိစေမည့် ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးပြီး အမှတ်တရဖြစ်စေမည့် ပြခန်းထည့်သွင်း ပြသရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဆပ်ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သမိုင်းဝင်ဇာတ်ကားများရွေးချယ်စုဆောင်း၍ ပြသနိုင်ရေး၊ အကယ်ဒမီများရှင် သရုပ်ဆောင်များနှင့် တွေ့ဆုံဆွေးနွေးခန်းများရိုက်ကူးရေး၊ ရုပ်ရှင်တေးသီချင်းများ ဖော်ထုတ်ပြသနိုင်ရေး၊ ပြခန်းများပြသရေးတို့နှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။ **ဥမ္မာ၊ ရီရီ**

# ဆိပ်ဖြူမြို့နယ်ဒေသထွက် ကြက်သွန်နီများအား မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်က ဖြန့်ဖြူးရောင်းချ



မကွေး ဇွန် ၁၀

မကွေးတိုင်းဒေသကြီးအတွင်း အသင်းသားပြည်သူများ သက်သာချောင်ချိစွာစားသုံးနိုင်ရေးအတွက် ဆိပ်ဖြူမြို့နယ် ကြက်သွန်စိုက်တောင်သူများစိုက်ပျိုးထုတ်လုပ်သော ကြက်သွန်နီများကို မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်အစီအစဉ်ဖြင့် ဝယ်ယူ၍ ကြက်သွန်နီ(ရှယ်၊ လတ်ကြီး၊ လတ်ချော) တစ်ပိဿာလျှင် ငွေကျပ် ၅၅၀ ဖြင့်လည်းကောင်း၊ ဂျွန်(အရော)တစ်ပိဿာလျှင် ငွေကျပ် ၄၅၀ ဖြင့်လည်းကောင်း မကွေးမြို့နယ်သမဝါယမအသင်းစုအရောင်းဆိုင်မှတစ်ဆင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး အခြားမြို့နယ်များသို့လည်း ဖြန့်ဖြူးပေးရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကြက်သွန်နီများမှာယူလိုပါက ဆိပ်ဖြူမြို့နယ်သမဝါယမအသင်းစုနှင့် ဆက်သွယ်မှာယူနိုင်ကြောင်း သမဝါယမဦးစီးဌာနမှ သိရသည်။

ကြေးမုံ

# မိုးညှင်းမြို့နယ် ရွှေသီးနှံမျိုးစေ့ထုတ် သမဝါယမအသင်းမှ ဆင်းဧကရီ – ၃ မျိုးစပါးများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချ

မိုးညှင်း ဇွန် ၁၀

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ညောင်ကိုင်းကျေးရွာရှိ ရွှေသီးနှံမျိုးစေ့ထုတ် သမဝါယမအသင်းလီမိတက်မှ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ အကူအညီဖြင့် မိုးရာသီအတွက် ဆင်းဧကရီ – ၃ မျိုးစပါးများကို စိုက်ပျိုးထုတ်လုပ်ခဲ့ရာ စပါးမျိုးစေ့တင်းပေါင်း ၂၄၃၀ ထွက်ရှိခဲ့ကြောင်းသိရသည်။



ထွက်ရှိသော မျိုးစပါးနမူနာများကို မန္တလေးမြို့ရှိ အထက်မြန်မာပြည်မျိုးစေ့တာဝန်ခံရုံးသို့ပေးပို့၍ မျိုးစေ့အရည်အသွေး ထောက်ခံချက်ရယူ ဆောင်ရွက်ပြီး အရည်အသွေး စံချိန်မီမျိုးစပါးများအား တစ်တင်းလျှင်ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ချောင်းဝကျေးရွာရှိသမ္မာစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းသို့ ၃၈၆ တင်း၊ ပန်းလားကျေးရွာရှိ တည်တံ့ခိုင်မြဲစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းသို့ တင်း ၅၀၊ မိုးကောင်းမြို့နယ် နန်းခွင်ကျေးရွာနှင့် စစ်ကိုင်းတိုင်းဒေသကြီး မော်လူးမြို့ရှိ တောင်သူများထံသို့ မျိုးစပါး ၃၂ တင်းတို့ကိုဖြန့်ဖြူးရောင်းချခဲ့သည်။


ကျန်ရှိသော မျိုးစပါးတင်းများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနခြံ၊ မြို့နယ်သမဝါယမအသင်းစုတို့နှင့် ချိတ်ဆက်၍ အခြေခံသမဝါယမအသင်းသားများနှင့် တောင်သူများထံသို့ ဆက်လက်ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သမဝါယမဦးစီးဌာနမှ သိရသည်။

ကြေးမုံ




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် မော်ကွန်း

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)




## စတီဖင်ဟောကင်း၏ ဥပဒေဆိုင်ရာအမြင်တစ်ရပ်နှင့် အခြားစာစုများ

စာရေးသူ ဒေါက်တာမြင့်ဇံ ဘာသာပြန်စီစဉ်ရေးသားသည့် စတီဖင်ဟောကင်း၏ ဥပဒေဆိုင်ရာအမြင်တစ်ရပ်နှင့် အခြားစာစုများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ပုဂ္ဂိုလ်ရေးဂုဏ်ပြုမှု ဆောင်းပါးများ၊ ပညာရေး(မ)ပြောင်းလဲမှုဆိုင်ရာ ဆောင်းပါးများ၊ သမိုင်းမှတ်တမ်း ပြင်ဆင်ပြောင်းလဲမှုဆိုင်ရာ ဆောင်းပါးများ၊ တရားစီရင်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တရားဥပဒေစိုးမိုးရေးနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေဆောင်းပါးများ၊ သိပ္ပံဆိုင်ရာ ဆောင်းပါးများ၊ သိပ္ပံနှင့် ဥပဒေဆိုင်ရာ ဆောင်းပါးများ စသည်ဖြင့် အပိုင်း ခြောက်ပိုင်းခွဲ၍ ရေးသားထားသည်။

စာအုပ်ကို ရွှေစာပေတိုက် အမှတ်-၆၈၊ ၈-လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၄၀၀၀ သတ်မှတ်ထားသည်။



## ခေတ်ဝန်ကိုထမ်း ခေတ်လမ်းကိုလျှောက်

ကျော်ထက်အောင်(ရွှေပြည်တန်) စီစဉ်သည့် ခေတ်ဝန်ကိုထမ်း ခေတ်လမ်းကိုလျှောက် စာအုပ်ထွက်ရှိလာသည်။

သံမဏိသူရဲကောင်း ဆရာကြီးဟံသာဝတီဦးဝင်းတင်၏ ဖြတ်သန်းခဲ့ရသည့် ဘဝအတွေ့အကြုံများကို စုစည်းဖော်ပြထား သည်။ ဆရာကြီးသည် ရိုးသားထက်မြက်ပြီး အမှန်တရားကိုလိုလားသော သတင်းစာဆရာတစ်ယောက်၊ ရဲရင့်ပြတ်သားသည့် နိုင်ငံရေးခေါင်းဆောင်တစ်ယောက်၊ ခေတ်ပြိုင် နိုင်ငံရေးသမားတို့သာမက နောင်လာနောက်သားမျိုးဆက်သစ်လူငယ်များ အတုယူအားကျဂုဏ်ပြုရမည့် တစ်ခေတ်တွင်တစ်ယောက် ပေါ်ထွန်းသည့် သံမဏိသူရဲကောင်း အာဂလူသားကြီး တစ်ယောက်အကြောင်းကို ရေးသားထားသော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

စာအုပ်ကို ရွှေပြည်တန်စာပေ၊ အမှတ်-၁၂၂၊ လမ်း(၅၀)အလယ်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁ ၂၀၀၂၇၆နှင့် ၀၉ ၈၉၉၁၈၄၅၇၇ တို့မှ တန်ဖိုးငွေကျပ် ၈၀၀၀ဖြင့် ဖြန့်ချိသည်။



## အခွန်အယူခံဆိုသည်မှာ

အခွန်ဆိုင်ရာများကို သိရှိနိုင်စေရန် စာရေးသူ ထူးခေါင်(ခုံတော်) စီစဉ်ရေးသားသည့် အခွန်အယူခံဆိုသည်မှာစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အခွန်အယူခံသမိုင်း၊ ရှေးဘုရင်များလက်ထက်၊ ကိုလိုနီခေတ် လွတ်လပ်ရေးရပြီးနောက်ပိုင်း ပါလီမန်ခေတ်၊ တော်လှန်ရေးကောင်စီခေတ်၊ ဆိုရှယ်လစ်ခေတ်၊ နဝတခေတ်၊ နအဖခေတ်တို့မှသည် ယနေ့ခေတ်အထိ ရှာဖွေစုဆောင်းထားသော အခွန်ဆိုင်ရာအကြောင်းအရာများကို ရေးသားထားသည်။ အခွန်ပေးဆောင်သူတို့ အခွန်စနစ်ကို သေချာစွာသိရှိပြီး ရသင့်ရထိုက်သောအခွင့်အရေးများကို မဆုံးရှုံးစေရန်အတွက် ရည်ရွယ်၍ရေးသားထားသည်။

ပြည့်စုံစာအုပ်တိုက်၊ အမှတ်-၂၆၃၊ အမျိုးသားဝိုင်အမ်စီအေ အဆောက်အအုံ၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁ ၂၉၆၄၄၂ နှင့် ၀၉ ၂၅၀၄၉၆၅၆၉တို့မှ တန်ဖိုးငွေကျပ် ၅၀၀၀ဖြင့် ဖြန့်ချိသည်။



## ကလေးကျန်းမာဖွံ့ဖြိုးရေး၊ နိုင်ငံတိုးတက်မှုနှင့် ခဲဆိပ်အန္တရာယ်

ဒေါက်တာ ဦးလှကြည်(ကလေးကျန်းမာရေး) စီစဉ်ရေးသားသည့်ကလေးကျန်းမာဖွံ့ဖြိုးရေး၊ နိုင်ငံတိုးတက်မှုနှင့် ခဲဆိပ်အန္တရာယ်စာအုပ် ထွက်ရှိလာသည်။

ကလေးဘဝတွင် ကာလကြာရှည် ခဲဆိပ်သင့်ခြင်းအန္တရာယ်ကို ကြုံတွေ့သူများသည် စိတ်ဖွံ့ဖြိုးမှုနှင့် ဉာဏ်ရည်ဉာဏ်သွေး နိမ့်ကျနိုင်ပါသည်။ ကျောင်းသားအရွယ်တွင် ကျောင်းပြေးခြင်း၊ လူငယ်ဘဝတွင် လေလွင့်ခြင်း၊ မူးယစ်ဆေးစွဲခြင်း စသည့်အမူအကျင့်များဖြစ်လာပြီး အရွယ်ရောက်သည့်အခါ ရာဇဝတ်မှုကျူးလွန်ခြင်းစသည့် မကောင်းသောအမှုကိစ္စတို့ကို ပို၍ပြုလုပ်တတ်ကြသည်ဟု သုတေသနများတွင် တွေ့ခဲ့ရကြောင်း ရေးသားထားသည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ အမှတ်-၂၉၆၊ ၁/အနော်မာ (၇)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၇၉၈၁၈၉၁၄၈မှ တန်ဖိုးငွေကျပ် ၄၀၀၀ဖြင့် ဖြန့်ချိသည်။

## အင်္ဂလန်ကလပ်အသင်းငါးသင်းက သီယာဂိုဆေးလ်ဗားကို ခေါ်ယူရန် စိတ်ဝင်စားနေ

ပီအက်စ်ဂျီအသင်းရဲ့ အသင်းခေါင်းဆောင် သီယာဂိုဆေးလ်ဗားကို ပရီမီယာလိဂ်ကလပ်အသင်းငါးသင်းက ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။ ပီအက်စ်ဂျီနောက်တန်းကစားသမား သီယာဂိုဆေးလ်ဗားဟာ လက်ရှိစာချုပ်သက်တမ်းကုန်ဆုံးချိန်မှာ အလွတ်ပြောင်းရွှေ့ကြေးနဲ့ ပြောင်းရွှေ့ကစားဖို့လည်း စီစဉ်နေသူဖြစ်ပါတယ်။

ဒါကြောင့် အင်္ဂလန်ကလပ်အသင်းတွေဖြစ်တဲ့ အာဆင်နယ်အသင်း၊ အဲဗာတန်အသင်း၊ နယူးကာဆယ်အသင်း၊ ဝက်စ်ဟမ်းအသင်းနဲ့ ဝုလ်ဘတ်အသင်းတို့က ခေါ်ယူဖို့ ပစ်မှတ်ထားနေတာလည်း ဖြစ်ပါတယ်။ သီယာဂိုဆေးလ်ဗားဟာ ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းနဲ့အတူ ဘောလုံးရာသီရှစ်ရာသီကြာ ဖြတ်သန်းခဲ့ရာမှာ ပြင်သစ် ပထမတန်းဖလားချန်ပီယံအဖြစ် ခုနစ်ကြိမ်အထိ



အောင်ပွဲခံနိုင်ခဲ့သူဖြစ်ပြီး လက်ရှိမှာတော့ အသင်းရဲ့ အားကစားဒါရိုက်တာ လီယိုနာဒိုနဲ့ ဆက်ဆံရေးမပြေလည်မှုတွေကြောင့် စိန်ခေါ်မှုတစ်ရပ်နဲ့ ရင်ဆိုင်နေရပြီး စာချုပ်သစ်ချုပ်ဆိုဖို့ စီစဉ်ထားတာမရှိဘူးလို့လည်း သိရပါတယ်။

နောက်တန်းကစားသမား သီယာဂိုဆေးလ်ဗားရဲ့ လက်ရှိစာချုပ်သက်တမ်းဟာ ဇွန် ၃၀ ရက်မှာ ကုန်ဆုံးမှာဖြစ်ပြီး လာမယ့်ဘောလုံးရာသီမှာ ပီအက်စ်ဂျီအသင်းမှာ ပါဝင်ကစားမှာမဟုတ်ဘူးလို့လည်း သီယာဂိုဆေးလ်ဗားက ပြောကြားခဲ့ပါတယ်။

လက်ရှိ အင်္ဂလန်ကလပ်အသင်းတွေထဲမှာ သီယာဂိုဆေးလ်ဗားအနေနဲ့ အဲဗာတန်အသင်းဆီ ပြောင်းရွှေ့ကစားဖို့ ရှိနေပြီး ၂၀၁၂ ခုနှစ်က ပီအက်စ်ဂျီအသင်းဆီ သီယာဂိုဆေးလ်ဗား ရောက်ရှိလာချိန်မှာ ပီအက်စ်ဂျီအသင်းနည်းပြအဖြစ် အန်စလော့တီက တာဝန်ယူခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အရင်ကလက်တွဲခဲ့တဲ့ နည်းပြ အန်စလော့တီရှိရာ အဲဗာတန်အသင်းဆီ ပြောင်းရွှေ့ကစားမယ်ဆိုတဲ့ သတင်းတွေ ထွက်ပေါ်နေတာဖြစ်ပါတယ်။

နောက်တန်းကစားသမား သီယာဂိုဆေးလ်ဗားဟာ အသက်အရွယ်အားဖြင့် ၃၅ နှစ်ရှိပြီဖြစ်ပေမယ့် အင်္ဂလန်ကလပ် အသင်းတွေအပြင် အမေရိကန်၊ ဂျပန်၊ တရုတ်နဲ့ ကာတာနိုင်ငံတို့မှ ကလပ်အသင်းတွေကလည်း ခေါ်ယူဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

**ငွေကြယ် ရေးသားသည်**

## ရီးယဲလ်မက်ဒရစ်အသင်း ဗဟိုခံစစ်မှူး ဟာကီမီကို ချယ်လ်ဆီး၊ မန်စီးတီးနဲ့ စပါးတို့ ခေါ်ယူဖို့ စိတ်ဝင်စားနေ

ရီးယဲလ်မက်ဒရစ်အသင်းရဲ့ ဗဟိုခံစစ်ကစားသမား ဟာကီမီကို ခေါ်ယူဖို့အတွက် ပရီမီယာလိဂ်ကလပ်အသင်းတွေဖြစ်တဲ့ ချယ်လ်ဆီးအသင်း၊ မန်စီးတီးအသင်းနဲ့ စပါးအသင်းတို့က စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။ အသက် ၂၁ နှစ်အရွယ်ရှိ နောက်တန်းကစားသမား ဟာကီမီဟာ လက်ရှိမှာ ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းမှာ အငှားစာချုပ်နဲ့ သွားရောက်ကစားနေတာ ဖြစ်ပါတယ်။

ဟာကီမီဟာ ၂၀၁၈ ခုနှစ်ကတည်းက ဒေါ့မွန်အသင်းမှာ အငှားနဲ့ သွားရောက်ကစားနေတာဖြစ်ပြီး ဒေါ့မွန်အသင်းနဲ့အတူ ပွဲပေါင်း ၇၀ မှာ ၁၃ ဂိုးအထိသွင်းယူပေးနိုင်ခဲ့ကာ ၂၀၁၉-၂၀၂၀ ဘောလုံးရာသီအတွင်းမှာ ဒေါ့မွန်အသင်းအတွက် ဂိုးဖန်တီးမှု ၁၀ ကြိမ်အထိ ပြုလုပ်နိုင်ခဲ့သူလည်းဖြစ်ပါတယ်။ ဒါကြောင့် နောက်တန်းကစားသမား ဟာကီမီကို ပရီမီယာလိဂ်ကလပ်အသင်းတွေအပြင် ပီအက်စ်ဂျီအသင်း၊ အင်တာမီလန်အသင်းနဲ့ ဂျူဗင်တပ်အသင်းတို့ကလည်း ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။

**အနုပညာ**

## ဘေဘုတ်ရဲ့ တေးအယ်လ်ဘမ် ၂၀၀ စာရင်းမှာ ပါဝင်ခွင့်ရခဲ့ပြီဖြစ်တဲ့ TWICE

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ TWICE ဟာ အဖွဲ့ရဲ့ ဂီတသက်တမ်းတစ်လျှောက် မှတ်တိုင်သစ်တစ်ခုကို လတ်တလောမှာ စိုက်ထူနိုင်ခဲ့ပြီဖြစ်ပါတယ်။ မကြာသေးမီက ထွက်ရှိခဲ့တဲ့ အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ် More & More ဟာ Billboard 200 ဇယားမှာပါဝင်ခဲ့ပြီး ဒီလိုပါဝင်ခွင့်ရတာဟာ အဆိုပါ တေးဂီတအဖွဲ့အတွက်တော့ ပထမဆုံးအကြိမ်ဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါ တေးဂီတဇယားဟာ အမေရိကန်နိုင်ငံမှာ လူကြိုက်အများဆုံးသော တေးအယ်လ်ဘမ်တွေကို စုစည်းဖော်ပြတာဖြစ်ပြီး ဒီတေးဂီတဇယားမှာ ပါဝင်ခွင့်ရတဲ့အကြောင်းကို အဖွဲ့ရဲ့ တရားဝင်လူမှုကွန်ရက်စာမျက်နှာတစ်ခုဖြစ်တဲ့ တွစ်တာစာမျက်နှာပေါ်မှာလည်း ရေးသားဖော်ပြခဲ့တာတွေ့ရပါတယ်။

## ဘေဘုတ်ရဲ့နံပါတ်တစ်နေရာကို ရယူနိုင်ခဲ့တဲ့ လေဒီဂါဂါရဲ့ ခြောက်ခုမြောက်တေးအယ်လ်ဘမ် Chromatica

ကျော်ကြားတဲ့ အမေရိကန်ပေ့ါပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ လေဒီဂါဂါဟာ မကြာသေးမီက ထုတ်လွှင့်ပေးခဲ့တဲ့ သူ့ရဲ့ တေးအယ်လ်ဘမ်သစ် Chromatica နဲ့ ဘေဘုတ်ရဲ့ အကျော်ကြားဆုံးသော တေးအယ်လ်ဘမ် ၂၀၀ စာရင်းကို ဦးဆောင်ထားနိုင်ခဲ့ပါတယ်။ ဒီလို Billboard 200 ရဲ့ နံပါတ်တစ်နေရာကို ရယူနိုင်တာဟာ လေဒီဂါဂါအတွက် တေးဂီတသက်တမ်းတစ်လျှောက် ခြောက်ကြိမ်မြောက်ဖြစ်ကြောင်း ဘေဘုတ်ကဖော်ပြထားတဲ့ အချက်အလက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မေ ၂၄ ရက်က စတင်ထုတ်လွှင့်ခဲ့တဲ့ အဆိုပါ တေးအယ်လ်ဘမ်ဟာ ဇွန် ၈ ရက်မှာ ဘေဘုတ်ရဲ့ နံပါတ်တစ်တေးအယ်လ်ဘမ်အဖြစ် ရပ်တည်နေတာ တွေ့ရပါတယ်။ ဒါ့အပြင် အဆိုပါ တေးအယ်လ်ဘမ်မှာပါဝင်တဲ့ တေးသီချင်းတွေဖြစ်ကြတဲ့ Stupid Love နဲ့ တေးသံရှင် အရီရန်နာဂရန်းဒ်နဲ့ လေဒီဂါဂါတို့ တွဲဖက်သီဆိုထားတဲ့တေးသီချင်း Rain On Me တို့ဟာလည်း ဘေဘုတ်ရဲ့ အကျော်ကြားဆုံးသော တေးသီချင်း ၁၀၀ စာရင်းမှာ နံပါတ် ၅ နဲ့ ၁ နေရာမှာ အသီးသီးရပ်တည်နေကြောင်းလည်း သိရပါတယ်။

**အေးပြည့် စုစည်းသည်**

# အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်သည့် တပ်မတော်(ရေ)မှ စစ်ရေယာဉ်များအား AA အကြမ်းဖက်သောင်းကျန်းသူများက နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် ဇွန် ၁၀**

အုပ်ချုပ်မှုကိစ္စများဆောင်ရွက်သည့် တပ်မတော်(ရေ)မှ စစ်ရေယာဉ်များအား ယမန်နေ့ ညပိုင်းက AA အကြမ်းဖက်သောင်းကျန်းသူများက နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့သည်ဟု တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့က ယနေ့တွင် သတင်းထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်း အုပ်ချုပ်မှုကိစ္စများဆောင်ရွက်နေသည့် တပ်မတော်(ရေ)မှ စစ်ရေယာဉ်များအား ယမန်နေ့ ညပိုင်းတွင် AA အကြမ်းဖက်သောင်းကျန်းသူများက အမြင့်ကျွန်းကျေးရွာအနီးသို့အရောက်၌ လက်နက်ကြီး/ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း။

ဖြစ်စဉ်မှာ တပ်မတော်(ရေ)မှ စစ်ရေယာဉ် သုံးစင်းသည် အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်ရန် ယမန်နေ့ ည ၁၀ နာရီခန့်တွင် စစ်တွေမြို့မှ ပုဏ္ဏားကျွန်းမြို့ဘက်သို့ မြင်းဝါချောင်းအတိုင်း ထွက်ခွာလာစဉ် ည ၁၂ နာရီခန့်တွင် အမြင့်ကျွန်းကျေးရွာအနီးသို့ အရောက်၌ AA အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး/ လက်နက်ငယ်များဖြင့် စတင်နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်သဖြင့် လုံခြုံရေးလိုက်ပါလာသည့် တပ်ဖွဲ့ဝင်များနှင့် စစ်ရေယာဉ်များက ပြန်လည်ပစ်ခတ်ခဲ့ရာ AA အကြမ်းဖက်သောင်းကျန်းသူများ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း ဖော်ပြပါရှိသည်။

အဆိုပါဖြစ်စဉ်တွင် စစ်သည်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အဆိုပါ နေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေစိုးမိုးရေးနှင့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင်လည်း စစ်တွေမြို့မှ ပလက်ဝမြို့သို့ စစ်သည်၊ မိသားစုများ စားသုံးရန်အတွက် ရိက္ခာပို့ဆောင်ခြင်းနှင့် အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်ရန် ထွက်ခွာလာသည့် တပ်မတော်(ရေ)မှ စစ်ရေယာဉ်များအား ကျောက်တော်မြို့နယ် အပေါက်ဝကျေးရွာနှင့် တင်းမကျေးရွာတို့အနီးမှ AA အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး/ လက်နက်ငယ်များဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**သတင်းစဉ်**




❒ ၂၀၂၀ MNL မှ

အမှတ်ပေးပြိုင်ပွဲ၊ ဗိုလ်ချုပ်အောင်ဆန်းဒိုင်းရှီးထွက်ပြိုင်ပွဲတို့ကို ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး လူငယ်လိဂ်ပြိုင်ပွဲများဖြစ်သည့် ယူ-၁၉ နှင့် ယူ-၂၁ လိဂ်ပြိုင်ပွဲတို့ကို ဖျက်သိမ်းခဲ့သည်။ MNL စီနီယာလိဂ်ပြိုင်ပွဲကို ပွဲစဉ် (၁၀) ကျင်းပနေသည့်ကာလတွင် ရပ်နားခဲ့ခြင်းဖြစ်ပြီး MNL-2 ပြိုင်ပွဲမှာ ပထမအကျော့အပြီးတွင် ရပ်နားခဲ့ခြင်းဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှီးထွက်ပြိုင်ပွဲကို ပထမအဆင့်မကျင်းပမီမှာပင် ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာမှစတင်ကာ နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရန်ရှိသောကြောင့် MNL ပြိုင်ပွဲကို စက်တင်ဘာလတွင် အပြီးကျင်းပခြင်းဖြစ်သည်။

ပြည်တွင်းပြိုင်ပွဲအားလုံးကို ကိုရိုနာဗိုင်းရပ်စ်ကြောင့် မတ် ၂၄ ရက်ကတည်းက ရပ်နားထားခြင်းဖြစ်သည်။

**ရှိုင်းထက်ဇော်**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇွန် ၁၀**

နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# AA အကြမ်းဖက်သောင်းကျန်းသူများ ဖြိုချဖျက်ဆီးခဲ့သည့် ချင်းပြည်နယ် ပလက်ဝမြို့ရှိ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံအား တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေး



ပလက်ဝမြို့ရှိ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ၏ ပျက်စီးမှု (လွှင့်စက်ခန်း-ပင်မအဆောက်အအုံ)



ပလက်ဝမြို့ရှိ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ၏ ပျက်စီးမှု (TVRO စလောင်း)

**နေပြည်တော် ဇွန် ၁၀**

ချင်းပြည်နယ် ပလက်ဝမြို့၏ အနောက်ဘက် မီတာ ၃၀၀ ခန့်အကွာ တောင်ကုန်းပေါ်ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရုပ်မြင်သံကြားထပ်ဆင့်လွှင့်တာဝါတိုင်အား မေ ၇ ရက် ည ၁၀ နာရီခန့်တွင် AA အကြမ်းဖက်သောင်းကျန်းသူများက ဖြိုချဖျက်ဆီးခဲ့သည့်အတွက် ပျက်စီးမှုများအား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ၎င်းစက်ရုံမှ ဝန်ထမ်းများက ဇွန် ၅ ရက် မွန်းလွဲပိုင်းတွင် စက်ရုံတည်ရှိရာ မှန်ပြတောင်ပေါ်သို့ သွားရောက်စစ်ဆေးခဲ့ကြသည်။

စစ်ဆေးတွေ့ရှိချက်များအရ ပလက်ဝ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၏ လွှင့်စက်ခန်းအဆောက်အအုံမှာ ခေါင်မိုးများ၊ နံရံများ၊ မျက်နှာကြက်များ ပျက်စီးခဲ့ပြီး မီးစက်အဆောက်အအုံမှာ ခေါင်မိုးသွပ်ပြားများ ပေါက်ပြဲပျက်စီးသွားခဲ့ကြောင်း၊ ထို့ပြင် စက်ခန်းအတွင်း တပ်ဆင်ထားသော 500 Watt TV Transmitter နှစ်လုံး အပါအဝင် စက်ပစ္စည်းလေးမျိုး လောင်ကျွမ်းပျက်စီးခဲ့ကြောင်း၊ မီးစက်အဆောက်အအုံအတွင်းရှိ 7.5 KVA မီးစက်တစ်လုံးနှင့် 5.0 KVA မီးစက် တစ်လုံး စုစုပေါင်း မီးစက်နှစ်လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ထို့ပြင် ရုံးသုံးပရိဘောဂလေးမျိုးလည်း ပျက်စီးသွားခဲ့ကြောင်း။

တာဝါတိုင်မှာ အရှေ့တောင်ဘက်သို့ လဲပြိုကျနေသည်ကို တွေ့ရှိရကြောင်းနှင့် ရုပ်သံဖမ်းယူသည့်စလောင်း (TVRO) မှာလည်း မူလအနေအထားအတိုင်း မရှိဘဲ ပျက်စီးနေသည်ကို တွေ့ရှိရကြောင်း။

အဆိုပါ ပလက်ဝရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ၁၉၉၈ ခုနှစ် မတ် ၁၀ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ကာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြောက်ဦးမြို့နယ် ပေါက်တောပြင်ကျေးရွာ၌ အများသုံးရေစုကန် လေးခုအား ဆောင်ရွက်ပေးလျက်ရှိ

**မြောက်ဦး ဇွန် ၁၀**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ပေါက်တောပြင်ကျေးရွာ၌ နွေရာသီကာလတွင် နှစ်စဉ်ရေရှားပါး၍ ရေကန်များခန်းခြောက်သဖြင့် ကျေးရွာနေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိ အဆင်ပြေစေရန် အများသုံးရေစုကန် လေးခုကို Soe Win and Brother ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိရာ ဇွန် ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက လုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းကျေးရွာတွင် အများသုံးရေစုကန် လေးခုကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေဖြင့် တင်ဒါအောင်ကုမ္ပဏီဖြစ်သည့် Soe Win and Brother ကုမ္ပဏီက အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ခြောက်ပေဖြင့် တာဝန်ယူ တည်ဆောက်လျက်ရှိကာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်၍ ဆောင်ရွက်ပြီးစီးမှုများအား မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် Third Party အဖွဲ့တို့က သွားရောက်ကွင်းဆင်း စစ်ဆေးခဲ့ကြသည်။

အဆိုပါ ပေါက်တောပြင်ကျေးရွာ၌ အိမ်ခြေ ၃၆၃ အိမ်၊ လူဦးရေ ၁၉၀၇ ဦး နေထိုင်လျက်ရှိပြီး ယခုအခါ အများသုံးရေစုကန် လေးခုအား တည်ဆောက်ပြီးစီးပြီဖြစ်၍ သောက်သုံးရေများ ဖူလုံစွာရရှိနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဩစတြေးလျမီဒီယာကုမ္ပဏီများက ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ် အလုပ်အကိုင်များ ထပ်မံလျှော့ချမည်



**ဆစ်ဒနီ ဇွန် ၁၀**

ဩစတြေးလျနိုင်ငံ၏ အဓိကမီဒီယာကုမ္ပဏီနှစ်ခုဖြစ်သည့် ဩစတြေးလျရုပ်သံထုတ်လွှင့်ရေးဆိုင်ရာ ကော်ပိုရေးရှင်း (အေဘီစီ)နှင့် ဩစတြေးလျသတင်းကော်ပိုရေးရှင်းတို့သည် ကုန်ကျစရိတ်သက်သာစေရန် အလုပ်အကိုင်များ ထပ်မံလျှော့ချသွားရန်ရှိနေကြောင်း ဩစတြေးလျပုံနှိပ်ထုတ်ဝေသူများအသင်းက ယမန်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

ဩစတြေးလျအစိုးရ၏ ဘတ်ဂျက်လျှော့ချမှုကို ဆွေးနွေးရန် ဩစတြေးလျရုပ်သံထုတ်လွှင့်ရေးဆိုင်ရာ ကော်ပိုရေးရှင်းအနေဖြင့် ကုမ္ပဏီ၏ ကဏ္ဍအားလုံးမှ အလုပ်အကိုင်ပေါင်း ၂၀၀ ကျော်ကို လျှော့ချရန် ပြင်ဆင်လျက်ရှိကြောင်း ဩစတြေးလျရုပ်သံထုတ်လွှင့်ရေးဆိုင်ရာ ကော်ပိုရေးရှင်း၏ စီမံအုပ်ချုပ်သူက ပြောကြားခဲ့သည်။

အေဘီစီ ကုမ္ပဏီအနေဖြင့် တစ်လလျှင် ဩစတြေးလျ ဒေါ်လာ ၄၁ သန်း (အမေရိကန်ဒေါ်လာ ၂၈ သန်း) ခန့် ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်လျက်ရှိသည်။ ထို့ကြောင့် ပိုလျှံသည့် ဝန်ထမ်းများထွက်ပေါ်လာနိုင်သည့်အပြင် ကုမ္ပဏီများ၏ ဝန်ဆောင်မှုစနစ်များကိုပါ ထိခိုက်စေနိုင်သည်ဟု ဩစတြေးလျရုပ်သံထုတ်လွှင့်ရေးဆိုင်ရာ ကော်ပိုရေးရှင်း (အေဘီစီ)၏ ဦးဆောင်ညွှန်ကြားရေးမှူး အန်ဒါဆန်က ပြောကြားခဲ့သည်။

ဩစတြေးလျသတင်းကော်ပိုရေးရှင်း၏ သတင်းစာနှစ်စောင်ဖြစ်သော ဆစ်ဒနီမြို့ရှိ သည်ဒေးလီးတယ်လီဂရက်ဖ်နှင့် မဲဘုန်းမြို့ရှိ သည်ဟီရတ်ဆန်းတို့တွင် ထုတ်လုပ်ရေးပိုင်းနှင့် စာတည်းအဖွဲ့ဝင်များအား ရောနှောလုပ်ကိုင်စေမည်ဖြစ်သည့်အတွက် ပိုလျှံဝန်ထမ်းအများအပြား ထွက်ပေါ်လာမည်ဖြစ်ကြောင်း ဩစတြေးလျသတင်းကော်ပိုရေးရှင်း၏ အနာဂတ်အစီအစဉ်များကို ဆွေးနွေးစဉ် ဝန်ထမ်းများကို ပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် ကုမ္ပဏီ၏ အမျိုးသားသတင်းစာဖြစ်သည့် သည်ဩစတြေးလျတွင်လည်း ဝန်ထမ်းအရေအတွက် အနည်းငယ်လျှော့ချပစ်မည်ဖြစ်သည်။ သို့သော် စာတည်းအဖွဲ့ဝင်များကို ဆက်လက်ထားရှိနိုင်ဖွယ်ရှိကြောင်း သိရသည်။ ဩစတြေးလျမီဒီယာကဏ္ဍတွင် မကြာသေးမီလများအတွင်း၌ အလုပ်အကိုင်လျှော့ချမှုများနှင့် လုပ်ငန်းလည်ပတ်မှုရပ်ဆိုင်းခြင်းများကြောင့် မီဒီယာသမားရာနှင့်ချီကာ အလုပ်လက်မဲ့များ ဖြစ်ပွားလျက်ရှိသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

## ထိုင်းနိုင်ငံ၌ ညမထွက်ရအမိန့် ၁၅ ရက်ကြာ ရုပ်သိမ်းမည်ဖြစ်သော်လည်း ကိုဗစ်-၁၉ ရောဂါ ကန့်သတ်ထိန်းချုပ်မှု အရေးပေါ်အခြေအနေအမိန့် ဆက်လက်ထားရှိ

**ဗန်ကောက် ဇွန် ၁၀**

ထိုင်းနိုင်ငံ၌ ညမထွက်ရအမိန့်ကို ၁၅ ရက်ကြာ အစမ်းသဘော ရုပ်သိမ်းမည်ဖြစ်သော်လည်း ကိုဗစ်-၁၉ ရောဂါ ကန့်သတ်ထိန်းချုပ်မှု အရေးပေါ်အခြေအနေကို ဆက်လက်ထားရှိမည်ဟု ကိုဗစ်-၁၉ ရောဂါအခြေအနေ စီမံခန့်ခွဲရေးဗဟိုဌာန (CCSA) က ယနေ့ပြောကြားလိုက်သည်။

၁၅ ရက်ကြာ ညမထွက်ရအမိန့် အစမ်းရုပ်သိမ်းမှုက ကိုဗစ်-၁၉ ရောဂါ ကိုင်တွယ်ဖြေရှင်းရာတွင် ထိုင်းနိုင်ငံ၏ အနာဂတ်ကို ဆုံးဖြတ်ပေးပြီး ထိုင်းနိုင်ငံ၏စီးပွားရေးကို မည်သို့ရှေ့ဆက်လုပ်ဆောင်မည်နှင့်ပတ်သက်၍ အရေးကြီးကြောင်း CCSAပြောရေးဆိုခွင့်ရှိသူ ဒေါက်တာတဝီဆင်ဗီဆန်နူယိုသင်းက နိုင်ငံပိုင်ရုပ်သံဌာနမှတစ်ဆင့် ပြောကြားသည်။ “၁၅ ရက် ညမထွက်ရအမိန့် အစမ်းရုပ်သိမ်းမှုက ပြည်သူတွေရဲ့အပြုအမူတွေအပြင် တုံ့ပြန်မှုတွေ ချင့်တွက်ဖို့ဖြစ်သလို နှစ်ပတ်ပြီးရင် ကူးစက်မှု ဒုတိယလှိုင်းရှိ၊ မရှိ ကြုံတွေ့ရမှာဖြစ်ပါတယ်” ဟု ၎င်းက ပြောသည်။ ညမထွက်ရအမိန့်ကို မည်သည့်အချိန်တွင်ရုပ်သိမ်းရန် နေ့ရက် မသတ်မှတ်ထားသော်လည်း လာမည့်သောကြာနေ့ဖြစ်နိုင်ကြောင်း ၎င်းက ဆိုသည်။

ည ၁၁ နာရီမှ နံနက် ၃ နာရီအထိ ညမထွက်ရအမိန့်မှာ လက်ရှိတွင် ထိုင်းနိုင်ငံ၌ သတ်မှတ်ထားဆဲဖြစ်ပြီး ပြည်သူများ အပြင်သို့အုပ်စုလိုက် မထွက်စေရေးတားဆီးရန် မရှိမဖြစ်လိုအပ်သည်ဟု အစိုးရတာဝန်ရှိသူများက ယူဆခဲ့သည်။ အရေးပေါ်အခြေအနေအမိန့်ကို ဆက်လက်ပြဋ္ဌာန်းမှသာ အစိုးရက အပြည့်အဝ ထိန်းချုပ်နိုင်မည်ဟု ကြည်းတပ်ဒုတိယအကြီးအကဲနှင့် CCSA ဒုတိယအကြီးအကဲ ဗိုလ်ချုပ်ကြီး နာသာပိုလ်နတ်ခ်ပါနက်က ပြောသည်။ “ညမထွက်ရအမိန့်မရှိဘဲနဲ့တောင် လူတွေက သာမန်နေထိုင်မှုဘဝကို ပြန်လည်စတင်နိုင်ပါတယ်။ ဒါပေမယ့် ကိုဗစ်-၁၉ ရောဂါ ပျံ့နှံ့မှု တားဆီးရာမှာ အရေးယူမှုဆောင်ရွက်ဖို့ အစိုးရက လိုအပ်လို့ အရေးပေါ်အခြေအနေအမိန့်ကို ဆက်လက်ထားရှိတာဖြစ်ပါတယ်” ဟု ၎င်းက ပြောသည်။

ထိုင်းနိုင်ငံတွင် အိန္ဒိယ၊ ပါကစ္စတန်နှင့် မာဒါဂါစကာနိုင်ငံမှ ယနေ့ပြန်လာသည့် ပြည်တော်ပြန်များထံမှ ဗိုင်းရပ်စ်ကူးစက်သူလေးဦး တွေ့ရှိခဲ့သော်လည်း လူသေဆုံးမှု မရှိခဲ့ပေ။ ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်လူနာ ၃၁၂၅ ဦးနှင့် သေဆုံးသူ ၅၈ ဦးရှိသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

## ဂျပန်နိုင်ငံ အရှေ့ပိုင်းနှင့် မြောက်ပိုင်းတို့တွင် အပူလျှပ်ခြင်းများဖြစ်ပွားနိုင်သည့်အပေါ် ပြည်သူများ စိုးရိမ်



**တိုကျို ဇွန် ၁၀**

ဂျပန်နိုင်ငံ အရှေ့ပိုင်းနှင့် မြောက်ပိုင်းတို့တွင် အပူချိန်များမြင့်တက်လျက်ရှိသည့်အတွက် အပူလျှပ်ခြင်းများ ဖြစ်ပွားနိုင်သည့်အပေါ် ပြည်သူများက စိုးရိမ်ပူပန်လျက်ရှိကြသည်။ နိုင်ငံ၏ အရှေ့ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင် အပူချိန်မြင့်တက်လျက်ရှိသည်ဟု မိုးလေဝသအေဂျင်စီက ယနေ့တွင် ပြောကြားခဲ့သည်။ ဖူကူရှီးမားခရိုင်အတွင်းရှိ ဖူကူရှီးမားနှင့် အီရှီကာဝါမြို့များတွင် အပူချိန် ၃၅ ဒသမ ၃ ဒီဂရီစင်တီဂရိတ်၊ နာဂါနိုခရိုင်ရှိ ယူဒါမြို့တွင် အပူချိန် ၃၅ ဒသမ ၁ ဒီဂရီစင်တီဂရိတ်၊ မီယာကိုခရိုင်ရှိ နာဂါနိုနှင့် အီဝါတီမြို့များတွင် အပူချိန် ၃၄ ဒသမ ၇ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်လျက်ရှိသည်။

တိုကျိုမြို့အလယ်ပိုင်းတွင် အပူချိန် ၃၁ ဒသမ ၃ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်လျက်ရှိသည်။ ဂျပန်ပြည်သူများသည် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်ရန် နှာခေါင်းစည်းများ ဝတ်ဆင်လျက်ရှိကြသည်။ ယင်းသို့ အပူချိန်များ မြင့်တက်လျက်ရှိစဉ် နှာခေါင်းစည်းများ ဝတ်ဆင်ထားခြင်းကြောင့် အပူလျှပ်ခြင်းကဲ့သို့သော အခြားကျန်းမာရေး ထိခိုက်မှုများ ဖြစ်ပွားမည်ကို စိုးရိမ်ပူပန်လျက်ရှိကြသည်။ တိုကျိုမြို့တွင် ယမန်နေ့က အပူချိန်မြင့်တက်မှုများ၏ နောက်ဆက်တွဲ ဆိုးကျိုးတစ်ရပ်အဖြစ် အပူလျှပ်ခြင်းများကို ပြည်သူများ ခံစားနေရပြီး ဆေးရုံသို့ တင်ပို့ခဲ့ရသူ ၃၀ ခန့်ရှိကြောင်း သိရသည်။

ပြည်သူများအနေဖြင့် နှာခေါင်းစည်းများ ဝတ်ဆင်ထားသည့်အခါ ရေများများသောက်ရန် လိုအပ်ပြီး ကိုယ်ကာယ လေ့ကျင့်ခန်းများ လုပ်ဆောင်ခြင်းမပြုကြရန် ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ထို့ပြင် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်လျက်ရှိသည့် အချိန်တွင် နှာခေါင်းစည်းများ ဝတ်ဆင်ထားရန် မလိုအပ်ပါကြောင်း ၎င်းတို့က ဆိုသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

## အာဖရိကန်နွယ်ဖွား ဗိုလ်ချုပ်ကြီး ချားလ်ဘရောင်း အမေရိကန်လေတပ်ဖွဲ့ အကြီးအကဲဖြစ်လာ

**ဝါရှင်တန် ဇွန် ၁၀**



အမေရိကန် အထက်လွှတ်တော်က ကိုရီးယားနိုင်ငံနှင့် ပတ်သက်၍ နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်မှု အတွေ့အကြုံရှိသည့် ဗိုလ်ချုပ်ကြီး ချားလ်ဘရောင်းဂျူနီယာကို ယမန်နေ့က အမေရိကန်လေတပ်ဦးစီးချုပ်သစ်အဖြစ် တညီတညွတ်တည်း အတည်ပြုခဲ့ရာ အမေရိကန် စစ်လက်ရုံးတပ်ဖွဲ့တစ်ခုကို ဦးဆောင်သည့် ပထမဆုံးသော အာဖရိကန်နွယ်ဖွားတစ်ဦး ဖြစ်လာခဲ့သည်။

လက်ရှိ ပစိဖိတ်လေတပ်ဖွဲ့၏ တပ်မှူး ဘရောင်းက ၂၂ ဦးမြောက် လေတပ်ချုပ်ဖြစ်လာရန် ကန့်ကွက်သူမရှိဆန္ဒမဲ ၉၈ မဲဖြင့် အထက်လွှတ်တော်၏ အတည်ပြုချက်ကို ရရှိခဲ့ပြီး သမ္မတဒေါ်နယ်ထရမ့်က သမိုင်းဝင်နေ့ရက်အဖြစ် ကြိုဆိုဂုဏ်ပြုခဲ့ကြောင်း အမေရိကန်လေတပ်ဖွဲ့က ပြောကြားသည်။ ဗိုလ်ချုပ်ကြီး ချားလ်ဘရောင်းကို အမေရိကန်နိုင်ငံ၏ ပထမဆုံးသော အာဖရိကန်နွယ်ဖွား တပ်မတော်အကြီးအကဲအဖြစ် အထက်လွှတ်တော်က အတည်ပြုလိုက်ကြောင်း၊ အမေရိကန်နိုင်ငံအတွက် သမိုင်းဝင်နေ့ရက်တစ်ခုဖြစ်ကြောင်း၊ မျိုးချစ်စိတ်ရှိသော ခေါင်းဆောင်တစ်ဦးဖြစ်သည့် ဗိုလ်ချုပ်ကြီး ဘရောင်းနှင့် ပိုမိုနီးကပ်စွာ လက်တွဲရမည်ဖြစ်သဖြင့် စိတ်လှုပ်ရှားမိကြောင်း ဒေါ်နယ်ထရမ့်က တွစ်တာ၌ ရေးသားခဲ့သည်။

အမေရိကန်လေတပ်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် ၃၅ နှစ်တာကာလအတွင်း ဘရောင်းသည် ၁၉၈၇ ခုနှစ် ဧပြီလမှ ၁၉၈၈ ခုနှစ် အောက်တိုဘာလအထိ တောင်ကိုရီးယားနိုင်ငံ အနောက်ပိုင်း ဂွမ်ဆန်မြို့၌ တည်ရှိသော ခွမ်ဆန်လေတပ်အခြေစိုက်စခန်းရှိ အမှတ် ၃၅ တိုက်လေယာဉ်အုပ်တွင် အက်ဖ်-၁၆ တိုက်လေယာဉ်မှူးတစ်ဦးအဖြစ်၊ ၂၀၀၇ ခုနှစ် မေလမှ ၂၀၀၈ ခုနှစ် မေလအထိ အမှတ် ၈ တိုက်လေယာဉ်အုပ်၏ တပ်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ တက္ကဆတ်နည်းပညာတက္ကသိုလ်၏ ဘွဲ့ရတစ်ဦးဖြစ်သည့် ဘရောင်းကို ၁၉၈၄ ခုနှစ်တွင် ပြန်တမ်းဝင်အရာရှိအဖြစ် အလုပ်ခန့်အပ်ခဲ့သည်။

ဘရောင်းမှာ တိုက်ခိုက်ရေးတာဝန် နာရီ ၁၃၀ ကြာ ထမ်းဆောင်ခဲ့မှုအပါအဝင် ပျံသန်းချိန် နာရီ ၂၉၀၀ ကျော် မောင်းနှင်ခဲ့သည့် ကွပ်ကဲရေးလေယာဉ်မှူးတစ်ဦးဖြစ်ကြောင်း သိရသည်။ ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် ဗိုလ်ချုပ်ကြီး ဘရောင်းကို ပစိဖိတ်လေတပ်ဖွဲ့၏ တပ်မှူးနှင့် အင်ဒို-ပစိဖိတ် ကွပ်ကဲရေးဌာန၏ လေတပ်မှူးအဖြစ် ခန့်အပ်ခဲ့သည်။

**ကိုးကား-ယွန်ဟပ်**
**ဘာသာပြန်-ကျော်ထိုက်စိုး**

## လစ်ဗျား၊ ယူကရိန်းအရေး ပူတင်နှင့် မာကယ် တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေး

**မော်စကို ဇွန် ၁၀**

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်တို့သည် ယမန်နေ့က တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြရာ လစ်ဗျားနိုင်ငံအတွင်း အရှိန်မြင့်မားလာသော ရန်လိုမှုများအပေါ် စိုးရိမ်ပူပန်မိကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြပြီး ယူကရိန်းပြည်တွင်း ပဋိပက္ခ ကိုင်တွယ်ဖြေရှင်းရေး ပြဿနာများအပေါ် ပြန်လည်သုံးသပ်ခဲ့ကြကြောင်း ကရင်မလင်က ပြောကြားသည်။

နှစ်နိုင်ငံခေါင်းဆောင်တို့သည် ဆက်သွယ်ဆွေးနွေးစဉ် လစ်ဗျားနိုင်ငံအတွင်း အရှိန်မြင့်မားလာသော ရန်လိုမှုများနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မိကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး လစ်ဗျားနိုင်ငံအတွင်း ကုလသမဂ္ဂ၏ ဦးဆောင်မှုအောက်တွင် ပြုလုပ်သော ကနဦးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူချက်ကို ရှောင်လွှဲ၍မရသည့်အကြောင်းနှင့် လစ်ဗျားပြည်တွင်း ညှိနှိုင်းဆွေးနွေးမှု စတင်ဆောင်ရွက်မှုအကြောင်းကို အလေးထားဆွေးနွေးခဲ့ကြကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့အတူ ပူတင်နှင့် မာကယ်တို့သည် ယူကရိန်းပဋိပက္ခ ကိုင်တွယ်ဖြေရှင်းရေးအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြပြီး ၂၀၁၅ ခုနှစ်က လက်မှတ်ရေးထိုးခဲ့သည့် မင်းစ်ခ်သဘောတူစာချုပ်နှင့် ၂၀၁၉ ခုနှစ်က ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပပြုလုပ်သည့် နော်မန်ဒီ-၄ ထိပ်သီးအစည်းအဝေး ဟုခေါ်သော ယူကရိန်း၊ ပြင်သစ်၊ ရုရှားနှင့် ဂျာမနီနိုင်ငံတို့အပါအဝင် ထိပ်သီးအစည်းအဝေး၏ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်မှုတွင် တိုးတက်မှုမရှိခြင်းအပေါ် စိုးရိမ်ပူပန်မိကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။ ထို့ပြင် နှစ်နိုင်ငံခေါင်းဆောင်တို့သည် ဆီးရီးယားနိုင်ငံအတွင်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဓိကရှုထောင့်များနှင့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ တိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**



ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကိုရိုနာဗိုင်းရပ်စ်ရောဂါ တုံ့ပြန်မှုဆိုင်ရာဌာန အကြီးအကဲ မာရီယာဗင် ကာဟွန်ခ်ဗ်

## ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု၏ ၄၀ ရာခိုင်နှုန်းသည် ရောဂါလက္ခဏာမပြသသော ရောဂါကူးစက်ခံထားရသူများမှတစ်ဆင့် ကူးစက်ခြင်းဖြစ်

**ဂျီနီဗာ ဇွန် ၁၀**

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု၏ ၄၀ ရာခိုင်နှုန်းသည် ရောဂါလက္ခဏာမပြသသော ရောဂါကူးစက်ခံထားရသူများမှတစ်ဆင့် ကူးစက်ခြင်းဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယနေ့ပြောကြားလိုက်သည်။

အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ကမ္ဘာ့ကျန်းမာရေး အရေးပေါ်အစီအစဉ်၏ အကြီးအကဲ မိုက်ကယ်ရေးန်နှင့် ကိုရိုနာဗိုင်းရပ်စ်ရောဂါ တုံ့ပြန်မှုဆိုင်ရာဌာနအကြီးအကဲ မာရီယာဗင် ကာဟွန်ခ်ဗ်တို့က လူမှုကွန်ရက်ပေါ်တွင် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ မေးမြန်းမှုများကို ပြန်လည်ဖြေဆိုခဲ့ခြင်းဖြစ်သည်။

ရောဂါကူးစက်ခံရသူအချို့သည် ရောဂါလက္ခဏာခံစားရခြင်းမရှိဘဲ ရောဂါပိုးသယ်ဆောင်ထားသူများဖြစ်နေပြီး ၎င်းတို့မှတစ်ဆင့် အနီးဝန်းကျင်၌ရှိသူများကို ရောဂါကူးစက်ပျံ့နှံ့စေနိုင်သည်ဟု ကိုရိုနာဗိုင်းရပ်စ်ရောဂါ တုံ့ပြန်မှုဆိုင်ရာဌာနအကြီးအကဲ မာရီယာဗင် ကာဟွန်ခ်ဗ်က ဆိုသည်။ ထို့ကြောင့် ရောဂါလက္ခဏာမပြသသူများကိုလည်း ရောဂါလက္ခဏာ ခံစားရ သူများကဲ့သို့ သတိမူသင့်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဗိုင်းရပ်စ်ကူးစက်မှုများရှိနေသည့်နေရာဒေသများသို့ သွားလာသည့်အခါတွင် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရန်နှင့် နှာခေါင်းစည်းများကို ဝတ်ဆင်ထားသင့်သည်ဟု မာရီယာဗင် ကာဟွန်ခ်ဗ်က အကြံပြုပြောကြားခဲ့သည်။

ဗိုင်းရပ်စ်ကူးစက်မှု အစုလိုက်အပြုံလိုက်တွေ့ရှိမှုများကို အားကစားခန်းမများနှင့် ကာရာအိုကေကလပ်များတွင် တွေ့ရှိရသည့်အတွက် လူစုလူဝေးဖြစ်ပွားသောနေရာများကို ရှောင်ကြဉ်သင့်ကြောင်း မိုက်ကယ်ရေးန်က ပြောကြားခဲ့သည်။

ထို့ပြင် ကိုရိုနာဗိုင်းရပ်စ်ပိုးသည် မားစ်၊ ဆားစ်ရောဂါတို့နှင့်တူညီမှုမရှိဘဲ ပါးစပ်နှင့်အလွန်နီးကပ်သော အသက်ရှူလမ်းကြောင်းနေရာတွင် ရှင်သန်လျက်ရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း မိုက်ကယ်ရေးန်က ဆိုသည်။

ထို့ကြောင့် ရောဂါပိုးရှိသူတစ်ဦး စကားကျယ်လောင်စွာပြောဆိုသည့်အခါ သို့မဟုတ် အသက်ပြင်းပြင်းရှူသည့်အခါတွင် အဆိုပါဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့နိုင်သည်ဟု မိုက်ကယ်ရေးန်က အကြံပြုပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အောင်ကျော်ကျော်**

## (၁၀) ကြိမ်မြောက် အဆင့်မြင့်မဟာဗျူဟာမြောက်ဆွေးနွေးပွဲ၌ တရုတ်နိုင်ငံနှင့် အီးယူတို့ ဆက်ဆံရေးတိုးမြှင့်ရန် သဘောတူ

**ပေကျင်း ဇွန် ၁၀**

ဇွန် ၉ ရက်က ကျင်းပသည့် အဆင့်မြင့်မဟာဗျူဟာမြောက်ဆွေးနွေးပွဲအတွင်း တရုတ်နိုင်ငံနှင့် ဥရောပသမဂ္ဂတို့သည် နီးကပ်စွာဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရန် သဘောတူခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်က ဖော်ပြထားသည်။

အဆင့်မြင့်မဟာဗျူဟာမြောက် ဆွေးနွေးပွဲကို ဗီဒီယိုလင့်ခ်မှတစ်ဆင့်ပြုလုပ်ခဲ့ပြီး အဆိုပါဆွေးနွေးပွဲတွင် တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် အီးယူနိုင်ငံခြား ဆက်ဆံရေးနှင့် လုံခြုံရေးမူဝါဒဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ် ဂျိုးဆက်ဘော်ရယ်တို့က သဘာပတိများအဖြစ် ပူးတွဲဆောင်ရွက်ခဲ့သည်။

ပူးပေါင်းဆောင်ရွက်မှုနှင့် သဘောတူညီမှုများသည် ယှဉ်ပြိုင်မှုနှင့် ကွဲပြားမှုထက် အမြဲတစေ ပို၍ကောင်းမွန်လျက်ရှိပြီး တရုတ်နိုင်ငံနှင့် အီးယူတို့သည် ကာလရှည်၊ ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးဖြစ်ကြောင်း၊ နှစ်ဖက်စလုံးအနေဖြင့် သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၄၅) နှစ်ပြည့်ကာလကို နီးကပ်သောဆက်ဆံရေးတိုးတက်မှုအတွက် အသစ်စတင်ခြင်းအဖြစ် မှတ်ယူသင့်ကြောင်း ဝမ်ယိက မှတ်ချက်ပြုပြောကြားခဲ့သည်။

ကပ်ရောဂါလွန်မြောက်ချိန်ကာလတွင် နှစ်ဖက်ဆက်ဆံရေးတိုးမြှင့်ရေး တွန်းအားပေးလုပ်ဆောင်ကြရန်၊ အဆင့်မြင့်ဖလှယ်မှုများတိုးမြှင့်ရန်နှင့် တရုတ်-အီးယူ ထိပ်သီးဆွေးနွေးပွဲနှင့် တရုတ်-အီးယူ ခေါင်းဆောင်များအစည်းအဝေးကို ကောင်းမွန်စွာပြင်ဆင်ရန်အတွက် လုပ်ဆောင်ရန် ဝမ်ယိက ပြောကြားခဲ့သည်။

လုပ်ငန်းများပြန်လည်စတင်ခြင်း မြှင့်တင်ရေးနှင့် ကုန်စည်ဖလှယ်ခြင်းနှင့် စက်မှုလုပ်ငန်းဆိုင်ရာ ဖလှယ်ခြင်းတည်ငြိမ်မှုကို ထိန်းသိမ်းရေး၊ အများပြည်သူကျန်းမာရေးနှင့် အရေးပေါ်စီမံခန့်ခွဲမှု အတွေ့အကြုံဖလှယ်ရာတွင် လွယ်ကူချောမောစေရေး၊ ကာကွယ်ဆေးနှင့် ဆေးဝါးသုတေသနတွင် ပူးပေါင်းလုပ်ဆောင်ရေးနှင့် ကပ်ရောဂါတိုက်ဖျက်ရေးတွင် အာဖရိကနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး စသည်တို့တွင် ပူးတွဲလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဝမ်ယိက ပြောသည်။

အီးယူသည် တရုတ်နှင့်ဆက်ဆံရေးအပေါ် မျှော်လင့်ချက်ကြီးမားပြီး နီးကပ်စွာဆက်ဆံရေးခိုင်မာရန် ကြိုးပမ်းအားထုတ် လုပ်ဆောင်မည်ဖြစ်ကြောင်း၊ အီးယူနှင့် တရုတ်နိုင်ငံတို့သည် နိုင်ငံစုံပါဝင်ရေးဝါဒကို အခိုင်အမာ ထောက်ခံသူများဖြစ်ကြောင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးတွင် တရုတ်နိုင်ငံ၏ တက်ကြွစွာပူးပေါင်းဆောင်ရွက်မှုကို အီးယူက ကြိုဆိုကြောင်း ဂျိုးဆက်ဘော်ရယ်က ပြောကြားခဲ့သည်။ ထို့နောက် နှစ်ဖက်စလုံးနှင့်သက်ဆိုင်သော အရေးကိစ္စများအပေါ် နက်နက်နဲနဲ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



## သီရိလင်္ကာနိုင်ငံ၌ စာသင်ကျောင်းများကို ဇွန် ၂၉ ရက်မှစ၍ အဆင့်လေးဆင့်ဖြင့် ပြန်လည်ဖွင့်လှစ်မည်

**ကိုလံဘို ဇွန် ၁၀**

အစိုးရကျောင်းအားလုံးကို ဇွန် ၂၉ ရက်မှစ၍ အဆင့်လေးဆင့်ဖြင့် ပြန်လည်ဖွင့်လှစ်မည်ဟု သီရိလင်္ကာပညာရေးဝန်ကြီးဌာနက သတင်းစာရှင်းလင်းပွဲတစ်ခု၌ ကြေညာခဲ့သည်။

စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်မည့် ဆုံးဖြတ်ချက်ကို သမ္မတ၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အဆင့်မြင့်ပညာဝန်ကြီးဌာန၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် သမ္မတရုံးအထူးလုပ်ငန်းအဖွဲ့နှင့် ဆွေးနွေးပြီးနောက် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ပညာရေးဝန်ကြီး ဒူးလက်စ်အလာဟတ်ပါရူးမားက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။ ဝန်ကြီး၏အဆိုအရ ဇွန် ၂၉ ရက်မှ ဇူလိုင် ၃ ရက်အတွင်း စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ကြောင်း အကြောင်းကြားရန် ဆရာ ဆရာမများ၊ ကျောင်းအုပ်များ၊ သင်ကြားရေးမဟုတ်သော ဝန်ထမ်းများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့များထံ နှိုးဆော်စာများ ပေးပို့မည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူများက နောက်ထပ် သီတင်းပတ် တက်ရောက်ရန် မလိုအပ်သေးဘဲ ကိုဗစ်-၁၉ ရောဂါကာကွယ်ရန်စာသင်ခန်းများကို ဦးစွာသန့်ရှင်းရေးပြုလုပ်ကာ ဆေးဖျန်းမည်ဖြစ်ကြောင်း ရှူးမားက ပြောသည်။

ဒုတိယအဆင့်တွင် Grade-5၊ Grade-11 နှင့် Grade-13 ကျောင်းသား ကျောင်းသူများက ဇူလိုင် ၆ ရက်မှစ၍ ဇူလိုင် ၁၇ ရက်အထိ နှစ်ပတ်ကြာ ကျောင်းတက်ခွင့်ပြုမည်ဟု ၎င်းက ဆိုသည်။ ဇူလိုင် ၂၀ ရက်တွင် စတင်မည့် တတိယအဆင့်တွင် Grade-10 နှင့် Grade-12 ကျောင်းသူ ကျောင်းသားများက ဇူလိုင် ၂၄ ရက်အထိ ကျောင်းတက်ရမည်ဖြစ်ပြီး Grade-3၊ Grade-4၊ Grade-6၊ Grade-7၊ Grade-8 နှင့် Grade-9 ကျောင်းသား ကျောင်းသူများအတွက် စတုတ္ထအဆင့်ကို ဇူလိုင် ၂၇ ရက်တွင် စတင်မည်ဖြစ်သည်။

သို့သော်လည်း Grade-1 နှင့် Grade-2 ကျောင်းသား ကျောင်းသူများအတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် မဆုံးဖြတ်ရသေးဟု ၎င်းက ပြောသည်။

**ကိုးကား--အာရှထရီဗျူး**
**ဘာသာပြန်-ကျော်ထိုက်စိုး**




**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ
၇၃၅၄၁၇၉ ဦး

သေဆုံးသူ
၄၁၄၃၇၆ ဦး

ပြန်လည်ကျန်းမာလာသူ
၃၆၂၈၈၈၉ ဦး

# ကမ္ဘာ့ကလေးအလုပ်သမား ပပျောက်ရေးနေ့နှင့် မြန်မာနိုင်ငံကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်

မြင့်မြတ်ရန်ပိုင်

**ကလေးအလုပ်သမားနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ အလုပ်သမား ဥပဒေများတွင် အသက် ၁၄ နှစ်ပြည့်ပြီးက ဆရာဝန်၏ အလုပ်လုပ်ရန်သင့်လျော်ကြောင်း ဆေးထောက်ခံချက်ဖြင့် စတင်လုပ်ကိုင်နိုင်ကြောင်း၊ အသက် ၁၆ နှစ်နှင့် ၁၈ နှစ်အကြား ကလေးများမှာ ဆရာဝန်၏ ထောက်ခံချက်ရရှိပါက လူကြီးလုပ်သားကဲ့သို့ လုပ်ကိုင်ခွင့်ရှိကြောင်း၊ အသက် ၁၄ နှစ်နှင့် ၁၆ နှစ်ကြား ကလေးအလုပ်သမားများ၏ တစ်နေ့အလုပ်ချိန်ကို ၄ နာရီသာ ခွင့်ပြုထားကြောင်း၊ ညနေ ၆ နာရီနှင့် နောက်တစ်နေ့ နံနက် ၆ နာရီ အကြား ခိုင်းစေခွင့်မရှိကြောင်း၊ ခွင့်ရက်၊ အလုပ်ပိတ်ရက်များကိုလည်း လူကြီးအလုပ်သမားကဲ့သို့ ခံစားခွင့်ရှိကြောင်း ပြဋ္ဌာန်းထား**

### ကမ္ဘာ့ကလေးအလုပ်သမား ပပျောက်ရေးနေ့ (၂၀၂၀)

ဇွန်လ ၁၂ ရက်နေ့သည် ကမ္ဘာ့ကလေးအလုပ်သမား ပပျောက်ရေးနေ့ ဖြစ်ပါသည်။ နှစ်စဉ် ဇွန်လ ၁၂ ရက်နေ့ကို ကမ္ဘာ့ကလေးအလုပ်သမား ပပျောက်ရေးနေ့အဖြစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) က ၂၀၀၂ ခုနှစ် ဇွန်လ ၁၂ ရက်နေ့က စတင်သတ်မှတ်ခဲ့ပြီး ဦးတည်ချက်၊ အကြောင်းအရာခေါင်းစဉ်တစ်ခုစီကို နှစ်စဉ် သတ်မှတ်ကာ ကမ္ဘာအနှံ့နိုင်ငံတိုင်းတွင် ကလေးအလုပ်သမား ပပျောက်ရေးအခမ်းအနားများ၊ အထိမ်းအမှတ် လှုပ်ရှားမှုများကို ကျင်းပခဲ့ကြသည်။ ယခု ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့ကလေးအလုပ်သမား ပပျောက်ရေးနေ့အတွက် အကြောင်းအရာ၊ ခေါင်းစဉ်အဖြစ် ကိုဗစ်-၁၉၊ ကလေးများအား ကလေးအလုပ်သမားမဖြစ်စေဖို့ ယခင်ကထက် ပိုတိုးလို့ ယခုပင် ကာကွယ်စို့ "COVID-19; Protect children from child labour, now more than ever" ဟု သတ်မှတ်ပေးထားပါသည်။

ယမန်နှစ် နှစ်ကုန်ပိုင်းနှင့် ယခုနှစ်အတွင်း ကိုဗစ်-၁၉ ရောဂါသည် မည်သူကမျှ ကြိုတင်ခန့်မှန်းထားနိုင်ခြင်း မရှိဘဲ ကမ္ဘာ့နိုင်ငံများကို ကပ်ရောဂါအသွင် အံ့သြတုန်လှုပ်ဖွယ်ရာ ပျံ့နှံ့ဖြစ်ပွားခဲ့ပြီး လူ့အသက်ပေါင်းများစွာ ဆုံးရှုံးစေခဲ့သည်သာမက ကမ္ဘာ့စီးပွားရေး၊ အလုပ်အကိုင်နှင့် အလုပ်သမား ဈေးကွက်အပေါ်တွင်လည်း ကြီးမားသည့် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာကာ ဝင်ငွေလျော့နည်း ဆုံးရှုံးမှု၊ အလုပ်လက်မဲ့ဖြစ်ပွားမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ ယင်းသို့ဖြစ်ပွားခဲ့ရာတွင် ထိရှလွယ်သည့်အုပ်စုတွင်ရှိနေသည့် ကလေးများသည်လည်း ဆိုးကျိုးသက်ရောက်မှုများကို ရှေ့တန်းမှ ထိခိုက်နစ်နာခံစားခဲ့ကြရသည်။

ကိုဗစ်-၁၉ ကပ်ရောဂါ၏ အကျိုးဆက်ဖြစ်သည့် လက်ရှိကမ္ဘာ့စီးပွားရေး အကျပ်အတည်းများကြောင့် ကလေးသန်းပေါင်းများစွာသည် ကလေးအလုပ်သမား အဖြစ်သို့ ရောက်ရှိသွားနိုင်ပါသည်။ ကမ္ဘာ့စစ်တမ်းများအရ ကလေးအလုပ်သမား ၁၅၂ သန်းခန့်သည် ကလေးအလုပ်သမားများအဖြစ် အလုပ်လုပ်နေကြရပြီး ၎င်းအထဲမှ ၇၂ သန်းခန့်သည် အန္တရာယ်ရှိသောလုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်နေကြရကြောင်း သိရသည်။ အဆိုပါ ကလေးအလုပ်သမားများသည် ပိုမိုခက်ခဲကြမ်းတမ်းသည့် ပတ်ဝန်းကျင်တွင် လုပ်ကိုင်နေကြရပြီး ခက်ခဲ၍ အန္တရာယ်ရှိသည့်အလုပ်များကို အလုပ်ချိန် ရှည်ကြာစွာ လုပ်ကိုင်နေကြရပါသည်။ ကိုဗစ်-၁၉ ကပ်ရောဂါ ဆိုးရွားစွာ ဖြစ်ပွားနေသည့် ယခုအချိန်ကာလတွင် ကလေးများအား ကလေးအလုပ်သမားမဖြစ်လာစေရေး ယခင်ကာလများထက် ပိုမိုကာကွယ်ကြရန် တိုက်တွန်းနှိုးဆော်သည့် အကြောင်းအရာကို ယခုနှစ်အတွက် ဦးတည်ချက်ခေါင်းစဉ်အဖြစ် သတ်မှတ်ခြင်းသည် အချိန်အခါ အခြေအနေနှင့် အလွန်လိုက်ဖက်ဆီလျော်သည်ဟု ဆိုရပါမည်။

ယခုနှစ်တွင် ကမ္ဘာ့ကလေးအလုပ်သမားပပျောက်ရေးနေ့ အခမ်းအနားနှင့် လှုပ်ရှားမှုများကို အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) သည် The Global March Against Labour အဖွဲ့၊ The International Partnership for cooperation on child labour in Agriculture (IPCCLA) စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများရှိ ကလေးအလုပ်သမားများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးမိတ်ဖက်အဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း သိရပါသည်။ ထို့အတူ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) နှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) တို့ပူးပေါင်း၍ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ကလေးအလုပ်သမားများနှင့် ကလေးအလုပ်သမားလျော့နည်းပပျောက်ရေးဆောင်ရွက်မှုများအပေါ် အကျိုးသက်ရောက်မှုများ စာတမ်းကို ၂၀၂၀ ပြည့်နှစ် ဇွန်လ ၁၂ ရက်နေ့တွင် ထုတ်ပြန်သွားရန်ရှိပြီး ၎င်းစာတမ်းနှင့် ကိုဗစ်-၁၉ အကျပ်အတည်းကာလအတွင်းမှ ကလေးအလုပ်သမားများ၏ ရှေ့အနာဂတ်ကို မျှော်ကြည့်ခြင်းခေါင်းစဉ်ဖြင့် အဆင့်မြင့်အရာရှိကြီးများက Online မှ တွေ့ဆုံဆွေးနွေးရန်ရှိကြောင်း သိရပါသည်။

အလားတူ မြန်မာနိုင်ငံရှိ ILO ဆက်သွယ်ညှိနှိုင်းရေးရုံး အနေဖြင့် ကလေးအလုပ်သမားပပျောက်ရေးနေ့ လှုပ်ရှားမှုကာလကို ၂၀၂၀ ပြည့်နှစ် ဇွန်လ ၁၂ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ သတ်မှတ်ထားပြီး လှုပ်ရှားမှုများအဖြစ် သတင်းစာရှင်းလင်းပွဲများ၊ သတင်းထုတ်ပြန်မှုများ ပြုလုပ်ခြင်း၊ လူမှုမီဒီယာများဖြစ်သည့် Facebook၊ Twitter အပါအဝင် အခြားသောမီဒီယာများ၊ Website များမှတစ်ဆင့် အသိပညာပေးခြင်း၊ ထုတ်ပြန်ကြေညာခြင်းများ ပြုလုပ်ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Bill Board များ၊ ပိုစတာများစိုက်ထူခြင်း၊ တီဗွီနှင့် ရေဒီယိုများမှတစ်ဆင့် ကလေးအလုပ်သမားပပျောက်ရေး ဇာတ်လမ်းတိုများ ထုတ်လွှင့်ပြသခြင်းနှင့် ရန်ကုန်မြို့ရှိ အများပြည်သူများနှင့် သက်ဆိုင်သည့်နေရာများ၌ ဓာတ်ပုံပြပွဲများ ပြုလုပ်ခြင်းများ လုပ်ဆောင်ရန်စီစဉ်ထားကြောင်း သိရှိရသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်ရှင် အဖွဲ့အစည်းများ၊ အလုပ်သမားအဖွဲ့အစည်းများကလည်း ပူးပေါင်းပါဝင်လှုပ်ရှားဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း သိရပါသည်။

### မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေး

စစ်တမ်းများအရ ကမ္ဘာ့ပေါ်တွင် အသက် ၅ နှစ်မှ ၁၇ နှစ်အကြား ကလေးအလုပ်သမား ၁၅၂ သန်းခန့်ရှိရာ ၇ ဒသမ ၄ ရာခိုင်နှုန်းသည် အာရှနှင့် ပစိဖိတ်ဒေသတွင် ရှိနေကြပြီး စိုက်ပျိုးရေးလုပ်ငန်းကဏ္ဍများတွင် အများစု ရှိနေကာ အလုပ်လုပ်ကိုင်နေကြရကြောင်းကိုလည်း လေ့လာသိရှိရပါသည်။ ၂၀၁၈ ခုနှစ်တွင် ကောက်ယူခဲ့သော နှစ်စဉ်လုပ်သားအင်အားစစ်တမ်းအရ မြန်မာနိုင်ငံတွင် အသက် ၅ နှစ်မှ ၁၇ နှစ် အကြား ကလေးဦးရေ ၁၂ ဒသမ ၃၈ သန်းကျော်ရှိရာ ကလေးလုပ်သား လေးသိန်းကျော်ရှိပြီး သုံးသိန်းကျော်သည် အန္တရာယ်ရှိသည့်အလုပ်များတွင် လုပ်ကိုင်ရသော အသက် ၁၈ နှစ်အောက် ကလေးများဖြစ်သည်ကို တွေ့ရသည်။

နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူနေမှုဘဝမြင့်မားမှု၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုများကလည်း ကလေးအလုပ်သမားအသုံးပြုရသည့် အဓိကအခြေခံအကြောင်းအရင်းများနှင့် တိုက်ရိုက်ဆက်စပ်နေပြီး ယနေ့ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပေါ်ပြောင်းလဲနေသည့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ Global Climate Change ၏ အကျိုးဆက်များဖြစ်သည့် မိုးခေါင်ခြင်း၊ တောမီးလောင်ခြင်း၊ မုန်တိုင်းကြီးများဖြစ်ပေါ်ခြင်း၊ ရေကြီးခြင်း၊ ငလျင်လှုပ်ခြင်းစသည့် သဘာဝဘေးအန္တရာယ်အမျိုးမျိုး ကျရောက်မှုကြောင့် စားနပ်ရိက္ခာဖူလုံမှုမရှိခြင်း၊ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများကြောင့် ရွှေ့ပြောင်းနေထိုင်ရခြင်း၊ ဆင်းရဲနွမ်းပါးမှုများ၊ လူမှုစီးပွားရေးဘဝအကျပ်အတည်းများ ဖြစ်ပေါ်လာပြီး ကလေးအလုပ်သမားများအဖြစ်သို့ ရောက်ရှိသွားကြရသည်။

ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် (SDG 8.7) တွင် ကလေးအလုပ်သမား ပပျောက်ရေးကို ရည်မှန်းချက်တစ်ခုအဖြစ် သတ်မှတ်လုပ်ဆောင်လျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ကလေးအလုပ်သမားပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (၂၀၁၈-၂၀၃၀) (MSDP) တွင် မဏ္ဍိုင်(၃)၊ ပန်းတိုင် (၄)၊ မဟာဗျူဟာ ၄ ဒသမ ၃ တွင် ကလေးအလုပ်သမားပပျောက်ရေးအတွက် လုပ်ငန်းစဉ်များကို တိကျစွာသတ်မှတ်ထည့်သွင်းဖော်ပြလျက် ထိရောက်စွာ အကောင်အထည်ဖော် လုပ်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံသည် အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားဆိုင်ရာ ILO ပြဋ္ဌာန်းချက် အမှတ် (၁၈၂)ကို ဒေသတွင်း အာဆီယံနိုင်ငံများနည်းတူ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် လက်ခံအတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး အငယ်ဆုံးအသက်ပြဋ္ဌာန်းချက် အမှတ်(၁၃၈) ကို အစိုးရနှင့် လွှတ်တော်တို့မှ အတည်ပြုသဘောတူခဲ့ပြီးဖြစ်သဖြင့် လက်မှတ်ရေးထိုးနိုင်ရေး သတ်မှတ်လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။

### မြန်မာနိုင်ငံကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်

မြန်မာနိုင်ငံအနေဖြင့် ကလေးအလုပ်သမားပပျောက်ရေးကို အလေးထားလုပ်ဆောင်လျက်ရှိရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်ပြီး အဖွဲ့ဝင် ၂၃ ဦးပါဝင်သည့် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့က ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန်(၈)ရပ်ကိုလည်း သတ်မှတ်ပေးခဲ့သည်။

အမျိုးသားကော်မတီ ဖွဲ့စည်းဆောင်ရွက်ရခြင်း ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားဆိုင်ရာ အခြေခံဗဟုသုတများ ပြန့်ပွားစေရေးအတွက် အသိပညာနှင့် ဗဟုသုတများ တိုးမြှင့်လာစေရန်၊ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ လိုအပ်သည့် ဥပဒေများကိုပြင်ဆင်ရေးဆွဲရန်၊ ကလေးအလုပ်သမားပြဿနာအပေါ် ဖြေရှင်းနိုင်ရေးအတွက် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရန်၊ တာဝန်ဝတ္တရားများ ချမှတ်၍ တိုးတက်မှုကိုအကဲဖြတ်ခြင်းဖြင့် ရေရှည်တွင် ကလေးအလုပ်သမား လျော့နည်းပပျောက်ရန်ဖြစ်ပါသည်။ မြန်မာနိုင်ငံကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီသည် အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကိုရေးဆွဲ၍ ကလေးအလုပ်သမားပပျောက်ရေး စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### ကလေးအလုပ်သမားဆိုင်ရာ ဥပဒေပါအကြောင်းအရာ

ကလေးအလုပ်သမားနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် တရားဝင်အလုပ်လုပ်ကိုင်နိုင်သော အနိမ့်ဆုံးအသက်အရွယ်အောက်ရှိ အလုပ်လုပ်ကိုင်နေသည့် ကလေးများကိုသော်လည်းကောင်း သို့မဟုတ် အသက်အရွယ်အရ တရားဝင်အလုပ်လုပ်ကိုင်ခွင့်ရှိသော်လည်း ၎င်းတို့၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး သို့မဟုတ် ပညာသင်ကြားရေးတို့ကို ထိခိုက်စေသည့် အလုပ်တွင် လုပ်ကိုင်နေရသည့် ကလေးများကို သော်လည်းကောင်း ဆိုသည်ဟု ပါရှိသည်။

မြန်မာနိုင်ငံ၏ဥပဒေများတွင် ကလေးသူငယ်နှင့် ပတ်သက်၍ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ (၂၀၁၉ ခုနှစ်)၊ ၁၉၅၁ ခုနှစ် ခွင့်ရက်နှင့် အလုပ်ပိတ်ရက် ဥပဒေ၊ ၂၀၁၆ ခုနှစ် ဆိုင်များနှင့် အလုပ်ဌာနများဥပဒေနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေတို့တွင် ကလေးသူငယ်နှင့်ပတ်သက်သည့် အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်သည့် ပြဋ္ဌာန်းချက်များ ပါရှိသည်။

ကလေးအလုပ်သမားနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ အလုပ်သမားဥပဒေများတွင် အသက် ၁၄ နှစ်ပြည့်ပြီးက ဆရာဝန်၏ အလုပ်လုပ်ရန်သင့်လျော်ကြောင်း ဆေးထောက်ခံချက်ဖြင့် စတင်လုပ်ကိုင်နိုင်ကြောင်း၊ အသက် ၁၆ နှစ်နှင့် ၁၈ နှစ်အကြား ကလေးများမှာ ဆရာဝန်၏ ထောက်ခံချက်ရရှိပါက လူကြီးလုပ်သားကဲ့သို့ လုပ်ကိုင်ခွင့်ရှိကြောင်း၊ အသက် ၁၄ နှစ်နှင့် ၁၆ နှစ်ကြား ကလေးအလုပ်သမားများ၏ တစ်နေ့အလုပ်ချိန်ကို ၄ နာရီသာ ခွင့်ပြုထားကြောင်း၊ ညနေ ၆ နာရီနှင့် နောက်တစ်နေ့ နံနက် ၆ နာရီ အကြား ခိုင်းစေခွင့်မရှိကြောင်း၊ ခွင့်ရက်၊ အလုပ်ပိတ်ရက်များကိုလည်း လူကြီးအလုပ်သမားကဲ့သို့ ခံစားခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။

ကလေးအလုပ်သမားများကို အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ ပြဋ္ဌာန်းချက်အမှတ် (၁၈၂) ပါ ခွင်းချက်ထား၍ လက်သင့်ခံနိုင်ခြင်းမရှိသည့် အလုပ်များတွင် ခိုင်းစေခံရသည့် ကလေးအလုပ်သမားအုပ်စုများကို ဆိုလိုပါသည်။ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းတွင် ကလေးသူငယ်များအနေဖြင့် ကျွန်ပြုခံရခြင်း၊ လူကုန်ကူးခံရခြင်း၊ စီးပွားရေးအရ လိင်မှုဆိုင်ရာ အမြတ်ထုတ်ခံရခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်ရေး၊ ရောင်းဝယ်ရေးလုပ်ကိုင်စေခိုင်းခံရခြင်း၊ လက်နက်ကိုင်ပဋိပက္ခ သို့မဟုတ် တရားမဝင်လုပ်ငန်းများတွင် အသုံးပြုခံရခြင်းများ ပါဝင်ကြောင်း လေ့လာသိရှိရသည်။

အန္တရာယ်ရှိသည့် လုပ်ငန်း သို့မဟုတ် အန္တရာယ်ရှိသည့် အလုပ်ဆိုသည်မှာ ကလေးများအနေဖြင့် ၎င်းတို့၏ ရုပ်ပိုင်း၊ စိတ်ပိုင်း သို့မဟုတ် အကျင့်စာရိတ္တပိုင်းဆိုင်ရာ ထိခိုက်စေသည့်အလုပ်တွင် လုပ်ကိုင်နေရသည့် ဖြစ်ရပ်ကို ဆိုလိုပြီး အဆိုပါအချက်တွင် သတ်မှတ်အလုပ်ချိန်ထက် ပိုမိုလုပ်ကိုင်ရခြင်း၊ ပင်ပန်းစွာလုပ်ကိုင်ရခြင်းနှင့် ညအချိန် လုပ်ကိုင်ရခြင်းတို့ ပါဝင်သည်။

စာမျက်နှာ ၁၆ သို့

## ကရင်ပြည်နယ်အတွင်းရှိ ရဲမှုထမ်းဟောင်း(အငြိမ်းစား)များအား အခြေခံစားသောက်ကုန်များ ထောက်ပံ့

**နေပြည်တော် ဇွန် ၁၀**

ကရင်ပြည်နယ်အတွင်းရှိ ရဲမှုထမ်းဟောင်း (အငြိမ်းစား)များအား အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်သီဟနှင့်အဖွဲ့က ဆန်၊ ဆီ၊ ဆား၊ ကုလားပဲစသည့် ရိက္ခာလေးမျိုး ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်က ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်သီဟက ရဲမှုထမ်းဟောင်း ၁၀၀ အား တစ်ဦးလျှင် ဆန် (၃) ပြည် (၇) ဘူး၊ ဆီ (၃၂) ကျပ်သား၊ ဆား (၂၅) ကျပ်သား၊ ကုလားပဲ (၄၀) ကျပ်သားတို့ကို ထောက်ပံ့ပေးသည်။

ရိက္ခာထောက်ပံ့ပေးအပ်ပွဲသို့ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ်အောင်မြတ်မိုး၊ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလင်းထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ ပြည်နယ်ရဲမှုထမ်းဟောင်းဥက္ကဋ္ဌ ဦးကျော်ထွန်း (ဒုတိယရဲမှူးကြီး-ငြိမ်း)နှင့် ရဲမှုထမ်းဟောင်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

## စစ်တွေမြို့ရှိ ကမ္ဘောဇဘဏ်ခွဲ (၂) အား အမျိုးသား လေးဦးက လာရောက်၍ ငွေများ လုယက်ထွက်ပြေး

**နေပြည်တော် ဇွန် ၁၀**

ရခိုင်ပြည်နယ် စစ်တွေမြို့ ကျေးပင်ကြီးရပ်ကွက် အကောက်ခွန်လမ်းရှိ ကမ္ဘောဇဘဏ်ခွဲ (၂) အား ယနေ့ ညနေ ၄ နာရီ ၁၅ မိနစ်ခန့်တွင် Hijet အမျိုးအစားမော်တော်ယာဉ်တစ်စီးဖြင့် အမျိုးသား လေးဦး ရောက်ရှိလာပြီး ဘဏ်အတွင်းသို့ ဝင်ရောက်ကာ ဘဏ်အတွင်း၌ ရှိနေသူများအား အသင့်ယူဆောင်လာသည့် ဓားများဖြင့် ခြိမ်းခြောက်၍ ကောင်တာပေါ်ရှိ ငွေကျပ်သိန်း ၁၈၀၀ ခန့်အား ယူဆောင်သွားကြောင်း။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးခဲ့ရာ မော်တော်ယာဉ်နှင့်အတူ အမျိုးသားတစ်ဦးအား ဖမ်းဆီးရမိခဲ့ပြီး ကျန်သူများမှာ ငွေကျပ်သိန်း ၁၈၀၀ ခန့်နှင့်အတူ ထွက်ပြေးနေဆဲဖြစ်ကြောင်း။

ထို့သို့လွတ်မြောက်သွားသူများအား ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုများသို့ တတိယအကြိမ် အခြေခံစားသောက်ကုန် လေးမျိုး ထောက်ပံ့ပေးအပ်

**ရန်ကုန် ဇွန် ၁၀**

ရန်ကုန်တိုင်းစစ်ဌာနချုပ် ရန်ကုန်တပ်နယ် ဗဟန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင် ၇၇၅ ဦးအား ဇွန်လအတွက် အခြေခံစားသောက်ကုန် ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲများကို ယနေ့ နံနက် ၈ နာရီက မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးညီဖြူ(ငြိမ်း)နှင့် အမှုဆောင်များက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**အေးသန်း (စိန်တုံးကြီး)**



ဥပဒေဘောင်အတွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ လွန်ချမ်းသာ

## နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ သစ်တန် ၅၀၀ ကျော် သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁ ရက်မှ ၇ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်တို့၌ တရားမဝင် ကျွန်း ၁၈၄ ဒသမ ၄၄၁၄ တန်၊ သစ်မာ ၇၉ ဒသမ ၇၈၃၇ တန်၊ အခြား ၂၅၇ ဒသမ ၀၂၆၆ တန် စုစုပေါင်း ၅၂၁ ဒသမ ၂၅၁၇ တန်၊ ဖြစ်မှုကျူးလွန်သူ ၅၉ ဦး၊ ယာဉ်၊ ယန္တရား ၅၉ စီး သိမ်းဆည်းရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)**




## မြန်မာမိန်းကလေးနှစ်ဦးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇွန် ၁၀**

ရှမ်းပြည်နယ် သီပေါမြို့နယ် ဆောင်ကြဲကျေးရွာနေ ဒေါ်ခင်သန်းနှင့်အဖွဲ့အား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ စီ ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သီပေါမြို့နယ် ဆောင်ကြဲကျေးရွာနေ ဒေါ်ခင်သန်းနှင့် မနန်းဆိုင်လော၀်၊ လားရှိုးမြို့နယ် အမှတ်(၅)ရပ်ကွက် ပွဲစားတန်းလမ်းနေ စိုင်းလောက်လျှန်းနှင့် မနန်းအေးရင် (တိမ်းရှောင်)တို့သည် သီပေါမြို့နယ် ဆောင်ကြဲကျေးရွာနေ မ ..... (၂၁ နှစ်)နှင့် မ ..... (၁၇ နှစ်)တို့အား တရုတ်နိုင်ငံတွင် အလုပ်လုပ်ကိုင်ပါက တစ်လလျှင် ကျပ် ၁၀ သိန်းရမည်ဟု လိမ်လည်စည်းရုံး၍ မ...... (၂၁ နှစ်)အား တရုတ်နိုင်ငံ စန်တုံမြို့ရှိ တရုတ်အမျိုးသားတစ်ဦးထံသို့ လည်းကောင်း၊ မ ..... (၁၇ နှစ်)အား ကျန်းချုံမြို့ရှိတရုတ်အမျိုးသားတစ်ဦးထံသို့ လည်းကောင်း ရောင်းစားခဲ့ပြီး အကျိုးအမြတ် ရယူခဲ့ကြသဖြင့် သီပေါမြို့မရဲစခန်းက (ပ) ၁၃၃/ ၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/ ၃၂ ဖြင့် အမှုဖွင့်ခဲ့သည်။ ထို့နောက် ကျောက်မဲခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ လူကုန်ကူးမှုကို ဂိုဏ်းဖွဲ့ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားသဖြင့် ဇွန် ၉ ရက်တွင် ဒေါ်ခင်သန်း၊ နန်းဆိုင်လော၀်နှင့် စိုင်းလောက်လျှန်းတို့အား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈(က)အရ အလုပ်နှင့် ထောင်ဒဏ်နှစ် ၂၀ စီ ချမှတ်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်သူအား တရားခံပြေးကြေညာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်ရှိ စားသောက်ဆိုင်အတွင်း သီးသန့်ခန်းကို ဝင်ရောက်ရှာဖွေရာ မစိုးစိုးအေး၊ တင်လှနှင့် သန်းလင်းတို့အားတွေ့ရှိရပြီး ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၉၇၀ နှင့် ငွေကျပ် ၈၄၀၀ တို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ ည ၇ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁) အကွက်အမှတ်(၁၁) ဘီလမ်းနေ မနန်းအေးလူ၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၆၀၊ ငွေကျပ် ၄၅၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ဇွန် ၈ ရက် ညပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် လားရှိုးမြို့နယ် ခေးနင်းကျေးရွာ လားရှိုး-မန္တလေးသွားကားလမ်း အိုရီယမ်တယ်တိုးဂိတ်အနီးတွင် အိုက်တေး မောင်းနှင်လာသည့် ယာဉ်ကို ရပ်တန့်ရှာဖွေရာ ငွေကျပ် ၁၅၂၁ သိန်းတန်ဖိုးရှိဘိန်းဖြူ ၄ ဒသမ ၆၇ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၊ ငွေကျပ် ၁၀၀၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ ည ၈ နာရီက ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် တောင်ကြီးမြို့ ချမ်းသာရပ်ကွက် ကုန်းသာဘုန်းကြီးကျောင်းလမ်းတွင် မချိုချိုအောင် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၆၀၊ ငွေကျပ် ၅၉၀၀၀ တို့ကို သိမ်းဆည်းရမိပြီး ရွှေညောင်မြို့ အောင်သပြေကျေးရွာရှိ ၎င်း၏နေအိမ်ကို ဆက်လက်ရှာဖွေရာ အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၇၀ နှင့် ဘိန်းစိမ်းသုည ဒသမ ၀၃၅ ကီလိုတို့ကို လည်းကောင်း။

ထို့အတူ ထိုနေ့ မွန်းလွဲ ၁ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့ အမှတ်(၅)ရပ်ကွက် အောင်သပြေလမ်းတွင် ရပ်တန့်ထားသည့် ယာဉ်မောင်းနေလင်းမောင်(ခ)မောင်မောင် မောင်းနှင်ပြီး ကျော်သန်းလိုက်ပါလာသည့် ၁၂ ဘီးယာဉ်၊ ဇော်မြင့် မောင်းနှင်ပြီး စိုးသိန်း လိုက်ပါလာသည့် ခြောက်ဘီးယာဉ်၊ အောင်ကြည်ဖြိုး မောင်းနှင်သည့် ၁၀ ဘီးယာဉ်နှင့် စိုးမြင့်လှိုင် မောင်းနှင်သည့် ၁၀ ဘီးယာဉ်တို့ကို တာဝန်ခံဖြစ်သူ ကျော်မင်းနှင့်အတူ တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ယာဉ်များပေါ်မှ Sodium Cyanide ၁၈၀၀၀ ကီလိုနှင့် လက်ကိုင်ဖုန်း သုံးလုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၀ - ၆ - ၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၁၀-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲ နမူနာ (၅၅၃)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၅၅) ခု၊
- အမှတ် (၁) တပ်မတော် ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၇၇) ခု၊ စုစုပေါင်း (၇၈၅)ခု အား ယနေ့ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -

• COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရပါသည်။

၂။ (၁၀-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၄၈) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ် ဆက်တိုက် ပိုးမတွေ့ရှိသူ အသစ် (၆) ဦး (Case- 23, 113, 123, 139, 152, 170) ရှိသဖြင့် (၁၀-၆-၂၀၂၀) ရက်နေ့အထိ ရောဂါပိုးကင်းစင်လာသူ စုစုပေါင်း (၁၆၅) ဦးရှိပါသည်။ ၎င်းတို့အနက် (၁၄၈) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက် (၁၀-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၁၀-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၅၃) ခု |
| (၁၀-၆-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၅၅) ခု |
| (၁၀-၆-၂၀၂၀) ရက်နေ့တွင် အမှတ် (၁) တပ်မတော် ဆေးရုံကြီး (ခုတင်-၁,၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၇၇)ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၂) ဦး |

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၉-၆-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၀-၆-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၈) ဦးရှိပါသည်။

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက် (၁၀-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၂) ဦး | (၂၄၈) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၆) ဦး | (၁၆၅) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

### (၁၀-၆-၂၀၂၀)ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု ည (၈:၀၀) နာရီ

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့်ဒေသ | COVID-19 ရောဂါအတည်ပြုလူနာများနှင့်ထိတွေ့မှု | ပြည်ပသို့ခရီးသွားလာခဲ့မှု ရှိ/မရှိ | ဆေးကုသမှုခံယူနေသည့် ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 247 | ၄၆ နှစ် | မ | မောင်တောမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | ရှိ (ဘင်္ဂလားဒေ့ရှ်) | ခရိုင်ပြည်သူ့ဆေးရုံ မောင်တောမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိရာ (မောင်တောမြို့နယ်) |
| 248 | ၃၂ နှစ် | ကျား | မောင်တောမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | ရှိ (ဘင်္ဂလားဒေ့ရှ်) | ခရိုင်ပြည်သူ့ဆေးရုံ မောင်တောမြို့ | တွေ့ရှိ | |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၀-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ (၉-၆-၂၀၂၀)ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL)မှ ထပ်မံစစ်ဆေးပြီးခဲ့သော ဓာတ်ခွဲနမူနာ (၆၄၉)ခု၊ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) (PHL-MLM) မှ စစ်ဆေးပြီးခဲ့သော ဓာတ်ခွဲနမူနာ (၂၆၁)ခုနှင့် ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး၊ ခုတင် (၁၀၀၀)မှ စစ်ဆေးပြီးခဲ့သော ဓာတ်ခွဲနမူနာ (၇၄)ခု၊ စုစုပေါင်း (၉၈၄) ခုတွင်-

• COVID-19 ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ်မတွေ့ရှိရပါ။

၂။ (၁၀-၆-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၂၄၆) ဦးရှိပါသည်။

၃။ သို့ဖြစ်ပါ၍ (၉-၆-၂၀၂၀)ရက်နေ့တွင်-

• အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ (ပထမအသုတ်နှင့် ဒုတိယ အသုတ်)ဓာတ်ခွဲနမူနာ (၁၁၈၆)ခု၊
• ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၀၆)ခု၊
• ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) (PHL-Mdy)မှ ဓာတ်ခွဲနမူနာ (၁၈၈)ခု၊
• ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)(PHL-MLM)မှ ဓာတ်ခွဲနမူနာ (၂၆၁)ခု၊
• ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး၊ ခုတင် (၁၀၀၀) ဓာတ်ခွဲနမူနာ (၂၁၃)ခု ၊ စုစုပေါင်း ဓာတ်ခွဲနမူနာ (၂၀၅၄)ခုအား စစ်ဆေးပြီးစီးခဲ့ပါသည်။

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက် (၁၀-၆-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀) နာရီ

| | |
|---|---|
| (၉-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ ထပ်မံဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆၄၉) ခု |
| (၉-၆-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) (PHL-MLM)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၆၁) ခု |
| (၉-၆-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး၊ ခုတင် (၁၀၀၀)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၇၄)ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ဟိုပုံးမြို့ရှိ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းသို့ တောင်ကြီးမြို့ ပါရမီဖွံ့ဖြိုးရေးကွန်ရက်က အခြေခံအသုံးအဆောင်ပစ္စည်းများ လာရောက်လှူဒါန်း

ဟိုပုံး ဇွန် ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့တွင် နောင်တောင်း မြရတနာလူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်းအဆောက်အအုံရှိ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းသို့ ယမန်နေ့တွင် တောင်ကြီးမြို့ ပါရမီဖွံ့ဖြိုးရေးကွန်ရက်က အခြေခံအသုံးအဆောင်ပစ္စည်းများ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

လှူဒါန်းရာတွင် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်း၌ ထားရှိသည့် ရှမ်းပြည်နယ် (တောင်ပိုင်း)မှ ၇၆ ဦး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ၁၂ ဦး စုစုပေါင်း ၈၈ ဦးတို့အတွက် တောင်ကြီးမြို့ ပါရမီဖွံ့ဖြိုးရေးကွန်ရက်ဥက္ကဋ္ဌ ဦးအောင်ခင်က လက်သန့်ဆေးရည်၊ နှာခေါင်းစည်း၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ တစ်ရှူး၊ မျက်နှာသုတ်ပဝါ အစရှိသည့် အသုံးအဆောင်ပစ္စည်းများကို လာရောက်လှူဒါန်းခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနန်းတင့်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနမှူး ဒေါက်တာမောင်မောင်သိန်းတို့က လက်ခံခဲ့ကြောင်း သိရသည်။

နေမင်းထွန်း(ဟိုပုံး)





# ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီမှ တိုင်းရင်းသားအဖွဲ့အစည်းများအား စားနပ်ရိက္ခာများ ဆက်လက်ထောက်ပံ့ပေးအပ်

**တောင်ကြီး ဇွန် ၁၀**

ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေး ကော်မတီသည် ယနေ့ မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ထားသည့် ကော်မတီရုံးခန်း၌ တိုင်းရင်းသားအဖွဲ့အစည်း သုံးဖွဲ့အား စားနပ်ရိက္ခာများထောက်ပံ့ပေးအပ်သည်။

**ပေးအပ်လှူဒါန်း**

ထောက်ပံ့ပေးအပ်ပွဲသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်၊ ကမ္ဘောဇဘဏ်မှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီဝင်များ တက်ရောက်၍ ရှမ်းပြည်နယ်(တောင်ပိုင်း) ကာလိမြို့ အခြေစိုက်အသွင်ပြောင်းပြည်သူ့စစ်အဖွဲ့(SSA/တပ်မဟာ ၇) မှ ဆက်ဆံရေးရုံးတာဝန်ခံ ဦးစိုင်းဆိုင်ဝမ်းနှင့်အဖွဲ့သို့ ဆန်အိတ် ၃၀၀၊ ဆီပုံး ၃၀ ကိုလည်းကောင်း၊ ကျေးသီးမြို့နယ် ဝမ်ဟိုင်းဒေသအခြေစိုက် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA)မှဆက်ဆံရေးတာဝန်ခံ ဦးစိုင်းကျော်ဇော နှင့်အဖွဲ့သို့ ဆန်အိတ် ၃၀၀၊ ဆီပုံး ၃၀ ကိုလည်းကောင်း၊ ဆီဆိုင်မြို့အခြေစိုက် ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(S.N.P.L.O) အသွင်ပြောင်း ပြည်သူ့စစ်အဖွဲ့မှ ဦးခွန်ချစ်မောင်နှင့်အဖွဲ့သို့ ဆန်အိတ် ၃၀၀ နှင့် ဆီပုံး ၃၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့သည်။

အလားတူ ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီသည် ဇွန် ၈ ရက်တွင် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(P.N.L.O)၊ အသွင်ပြောင်းပြည်သူ့စစ်ဌာနေအဖွဲ့(PNO)နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) စသည့် တိုင်းရင်းသားအဖွဲ့အစည်းများထံသို့ ဆန်အိတ် ၃၀၀ နှင့် ဆီပုံး ၃၀ စီ စုစုပေါင်းဆန်အိတ် ၉၀၀ နှင့် ဆီပုံး ၉၀ တို့ကို ထောက်ပံ့လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)




## ကိုဗစ်-၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် ဇွန် ၁၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ(၄)ခု၊ Blue ocean ကုမ္ပဏီတို့ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉)အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသန ဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။ **သတင်းစဉ်**

**❖ မြဝတီချစ်ကြည်ရေးတံတားမှ**

မေ ၂ ရက်တွင် ၅၄ ဦး၊ မေ ၃ ရက်တွင် တစ်ဦး၊ မေ ၄ ရက်တွင် ၄၄ ဦး၊ မေ ၅ ရက်တွင် ၂၃ ဦး၊ မေ ၈ ရက်က ၁၀၀ ဦး၊ မေ ၁၀ ရက်တွင် ၄၄ ဦး၊ မေ ၁၁ ရက်တွင် ၁၃ ဦး၊ မေ ၁၂ ရက်တွင် ၄၁ ဦး၊ မေ ၁၃ ရက်တွင် ၁၆ ဦး၊ မေ ၁၄ ရက်တွင် ၃၈ ဦး၊ မေ ၁၅ ရက်တွင် ၁၂၀၊ မေ ၁၆ ရက်တွင် ၇၆ ဦး၊ မေ ၁၇ ရက်တွင် ၉၀၊ မေ ၁၉ ရက်တွင် ၆၄ ဦး၊ မေ ၂၂ ရက်တွင် ၃၆ ဦး၊ မေ ၂၃ ရက်တွင် ၆၀၄ ဦး၊ မေ ၂၄ ရက်တွင် ၁၁၁၈ ဦး၊ မေ ၂၅ ရက်တွင် ၁၂၇၇ ဦး၊ မေ ၂၆ ရက်တွင် ၁၃၉၄ ဦး၊ မေ ၂၇ ရက်တွင် ၁၄၃၄ ဦး၊ မေ ၂၈ ရက်တွင် ၁၁၆၈ ဦး၊ မေ ၂၉ ရက်တွင် ၁၂၀၂ ဦး၊ မေ ၃၀ ရက်တွင် ၁၁၅၂ ဦး၊ မေ ၃၁ ရက်တွင် ၁၅၁၁ ဦး၊ ဇွန် ၁ ရက်တွင် ၁၀၄၃ ဦး၊ ဇွန် ၂ ရက်တွင် ၁၅၁၇ ဦး၊ ဇွန် ၃ ရက်တွင် ၁၅၄၇ ဦး၊ ဇွန် ၄ ရက်တွင် ၁၂၀၄ ဦး၊ ဇွန် ၅ ရက်တွင် ၁၁၉၀ ဦး၊ ဇွန် ၆ ရက်တွင် ၁၇၈၄ ဦး၊ ဇွန် ၇ ရက်တွင် ၁၆၃၅ ဦး၊ ဇွန် ၈ ရက်တွင် ၉၄၆ ဦး၊ ဇွန် ၉ ရက်တွင် ၁၀၉၄ ဦး၊ ယနေ့တွင် ၉၉၄ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီး စုစုပေါင်း ၂၄၆၃၄ ဦးထိ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၆၀၈ ဦး၊ အမျိုးသမီး ၃၈၆ ဦး စုစုပေါင်း ၉၉၄ ဦးဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

❍ စာမျက်နှာ ၁၃ မှ

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ (၂၀၁၉ ခုနှစ်)တွင် ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားဆိုသည်မှာ ကလေးသူငယ်၏အသက်ရှင်သန်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်စောင့်ရှောက်မှုရရှိရေးနှင့် လူမှုအဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိရေးတို့အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၎င်းဥပဒေပါ ကလေးသူငယ်၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အကျိုးဖြစ်ထွန်းမှုအများဆုံးဖြစ်စေသည့် ကလေးသူငယ်အခွင့်အရေးများ ရရှိခံစားခြင်းကို ဆိုသည်ဟု ဖော်ပြထားပါသည်။

**ကလေးအလုပ်သမားဆိုင်ရာ နည်းပညာရပ် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းထားခြင်း**

မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားပပျောက်စေရန် မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီအောက်တွင် ကလေးအလုပ်သမားဆိုင်ရာ နည်းပညာရပ်လုပ်ငန်းအဖွဲ့ကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်၍ ဖွဲ့စည်းထားပြီး အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်အား ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ထားပါသည်။ အဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုဝန်ကြီးဌာန ၁၀ ခုမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးစည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ILO ၊ UNICEF နှင့် လူမှုရေးမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ပါဝင်ဖွဲ့စည်းထားပါသည်။

**ကလေးအလုပ်သမားဆိုင်ရာ နည်းပညာရပ်လုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် ရည်မှန်းချက်များ**

လုပ်ငန်းတာဝန်များမှာ အဓိကအားဖြင့် ကလေးအလုပ်သမားမဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ်ရန်၊ ဥပဒေနှင့်အညီ တရားဝင်လုပ်ကိုင်နေသော ကလေးများကို အကာအကွယ်ပေးရန်၊ ကလေးအလုပ်သမားများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အပါအဝင် ပြဿနာများကို နိုင်ငံတော်အစိုးရ၏ ဦးစားပေးကဏ္ဍများတွင် ထည့်သွင်းနိုင်ရေးဆောင်ရွက်ရန်၊ ကလေးအလုပ်သမားပပျောက်ရေး အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ရေးဆွဲရန်၊ ကလေးအလုပ်သမားနှင့် ဆက်စပ်သည့် နိုင်ငံတကာစံချိန်စံညွှန်းများကို အတည်ပြုလက်ခံကျင့်သုံးနိုင်ရေး တင်ပြဆောင်ရွက်ရန်တို့ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

ကလေးအလုပ်သမားဆိုင်ရာ နည်းပညာရပ်လုပ်ငန်းအဖွဲ့၏ ရည်မှန်းချက်များမှာ ကလေးများအား ကလေးအလုပ်သမားအဖြစ် ခိုင်းစေမှု၊ အထူးသဖြင့် အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေမှုများအား လျော့နည်းပပျောက်စေရန်နှင့် ထိရောက်စွာ တားဆီးကာကွယ်ရန်၊ ဥပဒေအရ တရားဝင်အလုပ်လုပ်ကိုင်ခွင့်ရှိသည့် ကလေးအလုပ်သမားများအား ဥပဒေနှင့်အညီ ထိရောက်စွာ အကာအကွယ်ပေးရန်၊ အန္တရာယ်ရှိသော အလုပ်နှင့်လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေရသည့် ကလေးအလုပ်သမားများအား ဖယ်ရှားပြီး သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိရေးနှင့် အသက်မွေးပညာကျောင်းများ တက်ရောက်နိုင်ရေး စီမံဆောင်ရွက်ပေးရန် ရည်မှန်းထားကြောင်း သိရပါသည်။

**စီမံချက်ကာလနှင့် ပထမငါးနှစ်စီမံချက် ရည်မှန်းချက်များ**

ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကာလအား ၂၀၁၉ ခုနှစ်မှ ၂၀၃၃ ခုနှစ်အထိ ၁၅ နှစ်ကာလ သတ်မှတ်ပြီး ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ကာလတို ပထမငါးနှစ်ကာလအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။ ကလေးအလုပ်သမားပပျောက်ရေးအတွက် ပထမ ငါးနှစ်အတွင်း ချမှတ်ထားသည့် ရည်မှန်းချက်များအဖြစ် ခိုင်မာတိကျသော အခြေခံအချက်အလက်များ ကောက်ယူခြင်း၊ အသိပညာပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ပညာရေးအသက်မွေးဝမ်းကျောင်းပညာအခွင့်အလမ်းများ ဖန်တီးခြင်း၊ ဥပဒေပိုင်းဆိုင်ရာပြုပြင်ရေးဆွဲမှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု ပိုမိုအားကောင်းလာစေခြင်း၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံနေရသော ကလေးအလုပ်သမားများအား ဖယ်ရှားခြင်းနှင့် ပြန်လည်ကုစားခြင်း၊ မိသားစုများအတွက် ပိုမိုကောင်းမွန်သော အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်များရရှိစေခြင်းဆိုသည့် ရည်မှန်းချက် ၆ ရပ် ချမှတ်ထားပါသည်။ ပထမငါးနှစ်စီမံချက်တွင် စက်မှုကုန်ထုတ်ကဏ္ဍနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးကဏ္ဍနှစ်ခုကို ဦးစားပေးဆောင်ရွက်ရန် သတ်မှတ်ထားပါသည်။ စီမံချက်နယ်မြေအဖြစ် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး တို့ကို ဦးစားပေးတိုင်းဒေသကြီးနှင့် ပြည်နယ်များအဖြစ် သတ်မှတ်ထားပါသည်။ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာအမျိုးသားကော်မတီသည် လုပ်ငန်းကော်မတီရှစ်ခုကို ဖွဲ့စည်းပေးထားပြီး ရေးဆွဲထားသည့် စီမံချက်၊ ရည်မှန်းချက်များနှင့် လုပ်ဆောင်ချက်များအပေါ် စောင့်ကြည့်လေ့လာခြင်းတို့ကို စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**ကလေးအလုပ်သမားပပျောက်ရေးအတွက် တွန်းအားတစ်ရပ်**

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ ရည်ရွယ်ချက်၊ စီမံချက်နှင့် လုပ်ဆောင်ချက်များကို လေ့လာကြည့်ပါက ကလေးအလုပ်သမားများအား အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းမှ အစပြုကာ ကလေးအလုပ်သမားခိုင်းစေမှု ပပျောက်သွားရန် သို့မဟုတ် လျော့နည်းသွားရန် လုပ်ဆောင်ပေးရေးအတွက် အခြေအနေကောင်းနှင့် လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။ အမျိုးသားကော်မတီသည် ယင်း၏လုပ်ငန်းတာဝန်များကို ကိုဗစ် -၁၉ ကာလမတိုင်မီကပင် စတင်၍လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ကိုဗစ်ကာလအတွင်းနှင့် အနာဂတ်တွင်လည်း စီမံချက်ပါရည်မှန်းချက်များ အောင်မြင်ရေးအတွက် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ရာ ချမှတ်ထားသည့်စီမံချက်နှင့် လုပ်ငန်းတာဝန်များကို သက်ဆိုင်သူအားလုံး၊ အဖွဲ့အစည်းများအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းအကောင်အထည်ဖော်လုပ်ဆောင်ကြမည်ဆိုပါက ကလေးအလုပ်သမားပပျောက်ရေးအတွက် ထိရောက်မြင်သာသည့် တွန်းအားတစ်ရပ်ဖြစ်လာမည် ဖြစ်ပါသည်။

**ကိုဗစ်- ၁၉၊ ကလေးများအား ကလေးအလုပ်သမားမဖြစ်စေဖို့ ယခင်ကထက်ပိုတိုးလို့ ယခုပင်ကာကွယ်စို့**

နိုင်ငံတော်အစိုးရအနေဖြင့် ကလေးအလုပ်သမားပပျောက်ရေးကိစ္စအား နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်လုပ်ဆောင်ခဲ့သည့်နည်းတူ ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှုများအား ကုစား၍ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိရန်အတွက် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်သက်သာရေး စီမံချက်တွင်လည်း ကလေးအလုပ်သမားများ၊ အမျိုးသမီးအလုပ်သမားများ အများဆုံးပါဝင်နေသည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ CMP လုပ်ငန်းများနှင့် အငယ်စား၊ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများကို ကူညီပံ့ပိုးပေးရေးအစီအစဉ်များတွင် ဦးစားပေးလုပ်ငန်းအဖြစ် ရေတို ရေရှည်အစီအမံများ ချမှတ်လုပ်ဆောင်လျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကလေးအလုပ်သမား ပပျောက်ရေးလုပ်ငန်းများကို မျက်ခြည်မပြတ် အစဉ်အလေးထားဆောင်ရွက်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီသည် ချမှတ်ရေးဆွဲထားသည့် လုပ်ငန်းစဉ်နှင့် စီမံချက်များအတိုင်း ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ အလုပ်ရှင် အလုပ်သမားသမဂ္ဂများ၊ UN အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ လူမှုအခြေပြုအဖွဲ့အစည်းများ၊ လူမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ် ဇွန်လ ၁၂ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့ကလေးအလုပ်သမားပပျောက်ရေးနေ့နှင့် ကလေးအလုပ်သမားပပျောက်ရေးနေ့ အထိမ်းအမှတ် လှုပ်ရှားမှုများအား လှိုက်လှဲစွာ ဂုဏ်ပြုကြိုဆိုပါကြောင်းနှင့် ယခုအခါသမယမှစတင်၍ ကိုဗစ်-၁၉၊ ကလေးများအား ကလေးအလုပ်သမားမဖြစ်စေဖို့ ယခင်ကထက်ပိုတိုးလို့ ယခုပင် ကာကွယ်စို့ ဆောင်ပုဒ်ပါ ရည်မှန်းချက်အတိုင်း ကလေးအလုပ်သမား ပပျောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်၍ ယခင်ကထက် ပိုမိုအလေးထားလုပ်ဆောင်သွားကြမည်ဟု ယုံကြည်မိပါကြောင်း ရေးသားလိုက်ရပါသည်။

ရည်ညွှန်းကိုးကား -
- မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်၊
- ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေ (၂၀၁၉) ခုနှစ်၊
- သတင်းစာ ဆောင်းပါးများ
- www.ilo.org/child labour world Day

## ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ နှစ်ဦးတွင် ကိုဗစ် - ၁၉ ရောဂါပိုးတွေ့ရှိ ဇွန် ၁၀ ရက်အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၂၄၈ ဦး ရှိသွားပြီ

**နေပြည်တော် ဇွန် ၁၀**
ယနေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ နှစ်ဦးတွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိပြီး ၎င်းတို့မှာ မောင်တောမြို့တွင် အသွားအလာကန့်သတ်ထားသူများဖြစ်ကြောင်း၊ သို့ဖြစ်၍ ရောဂါပိုးရှိသူ စုစုပေါင်း ၂၄၈ ဦး ရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၂၄၈ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်း ၁၆၅ ဦးရှိပြီး ၁၄၈ ဦးကို ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။

**သတင်းစဉ်**

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| စုစုပေါင်းစမ်းသပ်သူ | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၄၂၄၁၆ | ၂၄၈ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၁၆၅ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၅၃၄၇

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၁၄၈ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၉၁ | ၅ |
| ၂ | ချင်း | ၁၀ | |
| ၃ | စစ်ကိုင်း | ၉ | |
| ၄ | ပဲခူး | ၈ | ၁ |
| ၅ | ရခိုင် | ၆ | |
| ၆ | ရှမ်း(တောင်) | ၄ | |
| ၇ | မန္တလေး | ၃ | |
| ၈ | ရှမ်း(ရှေ့) | ၃ | |
| ၉ | ရှမ်း(မြောက်) | ၃ | |
| ၁၀ | မကွေး | ၃ | |
| ၁၁ | နေပြည်တော် | ၂ | |
| ၁၂ | ကရင် | ၂ | |
| ၁၃ | ဧရာဝတီ | ၂ | |
| ၁၄ | ကချင် | ၁ | |
| ၁၅ | တနင်္သာရီ | ၁ | |
| ၁၆ | မွန် | ၁ | |
| စုစုပေါင်း | | ၂၄၈ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၀-၆-၂၀၂၀ ရက်၊ ည(၈) နာရီ

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၂၀၄၆၀၇၅ | ၇၈၈၈၈၅ | ၁၁၄၁၆၇ |
| ဘရာဇီး | ၇၄၂၀၈၄ | ၃၂၅၆၀၂ | ၃၈၄၉၇ |
| ရုရှား | ၄၉၃၆၅၇ | ၂၅၂၇၈၃ | ၆၃၅၈ |
| ဗြိတိန် | ၂၈၉၁၄၀ | စိစစ်ဆဲ | ၄၀၈၈၃ |
| စပိန် | ၂၈၉၀၄၆ | စိစစ်ဆဲ | ၂၇၁၃၆ |
| အိန္ဒိယ | ၂၇၆၅၈၃ | ၁၃၅၂၀၆ | ၇၇၄၅ |
| အီတလီ | ၂၃၅၅၆၁ | ၁၆၈၆၄၆ | ၃၄၀၄၃ |
| ပီရူး | ၂၀၃၇၃၆ | ၉၂၉၂၉ | ၅၇၃၈ |
| ဂျာမနီ | ၁၈၆၅၁၆ | ၁၇၀၇၀၀ | ၈၈၃၁ |
| အီရန် | ၁၇၇၉၃၈ | ၁၄၀၅၉၀ | ၈၅၀၆ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| စင်ကာပူ | ၃၈၉၆၅ | ၂၅၈၇၇ | ၂၅ |
| အင်ဒိုနီးရှား | ၃၄၃၁၆ | ၁၂၁၂၉ | ၁၉၅၉ |
| ဖိလစ်ပိုင် | ၂၃၇၃၂ | ၄၈၉၅ | ၁၀၂၇ |
| မလေးရှား | ၈၃၃၈ | ၇၀၁၄ | ၁၁၈ |
| ထိုင်း | ၃၁၂၅ | ၂၉၈၁ | ၅၈ |
| ဗီယက်နမ် | ၃၃၂ | ၃၂၀ | ၀ |
| မြန်မာ | ၂၄၈ | ၁၆၅ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၂ |
| ကမ္ဘောဒီးယား | ၁၂၆ | ၁၂၅ | ၀ |
| လာအို | ၁၉ | ၁၉ | ၀ |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ငါးရိက္ခာများ စားသုံးပေး ဗီနိုင်းပိုစတာများ စိုက်ထူ

**တာချီလိတ် ဇွန် ၁၀**
တာချီလိတ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဒေသခံပြည်သူများ ငါးစားသုံးခြင်းဖြင့် ကိုယ်ခံအားကောင်းစေပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ရန် ငါးစားသုံးခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများကို သိရှိစေရန်၊ ငါးလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များ သိရှိစေရန်ရည်ရွယ်၍ **ကိုဗစ်-၁၉ ကာကွယ်ရေး၊ ငါးရိက္ခာများ စားသုံးပေး ဗီနိုင်း** ပိုစတာများ စိုက်ထူခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ငါးလုပ်ငန်းဆိုင်ရာ ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယနေ့တွင် ယာယီဈေးဖွင့်လှစ်ထားသည့် တာချီလိတ်မြို့ ရှမ်းရိုးမကွင်း၌ ခရိုင်စည်ပင်သာယာရေးရုံးမှ ဝန်ထမ်းများ၊ ခရိုင်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ ရေထွက်ပစ္စည်း ရောင်းချသူများနှင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**ညောင်လေးပင် ဇွန် ၁၀**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ ကန့်သတ်စောင့်ကြည့်စခန်းများတွင် လုပ်အားပေးတာဝန်ထမ်းဆောင်မည့် စေတနာ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများ ဆင့်ပွားသင်တန်းကို ညောင်လေးပင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ သင်ကြားပို့ချပေးသည်။

အဆိုပါသင်တန်းတွင် မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)မှ စာရေးဆရာ ဒေါက်တာမြင့်သန်း(ညောင်လေးပင်)က သင်တန်းဖွင့်လှစ်ပို့ချရခြင်း၏ ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ညောင်လေးပင်မြို့နယ်ပြည်သူ့ဆေးရုံမှ ဒေါက်တာထက်အောင်က ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေများ၊ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအစီအစဉ်များတွင် ဆောင်ရွက်နေမှုအခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် အခြေအနေများ၊ ညောင်လေးပင်မြို့မှ စေတနာ့ဝန်ထမ်း သင်တန်းဆရာ ဦးလှမြင့်က စောင့်ကြည့်စခန်းများတွင် ဆောင်ရန်၊ ရှောင်ရန်အချက်များ ရှင်းလင်းပို့ချပေးခဲ့သည်။

## ညောင်လေးပင်မြို့ရှိ ကန့်သတ်စောင့်ကြည့်စခန်းများတွင် လုပ်အားပေးမည့်စေတနာ့ဝန်ထမ်းများအား သင်တန်းပေး



အဆိုပါသင်တန်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆရာဝန်အသင်းတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကာ ပူးပေါင်းအဖွဲ့အနေဖြင့် မေ ၂၈ ရက်မှ ဇွန် ၁၀ ရက်အထိ ဒိုက်ဦး၊ ရွှေကျင်၊ ကျောက်တံခါးမြို့နယ်တို့တွင် ငါးကြိမ်အထိ သင်ကြားပို့ချပေးခဲ့ပြီး ဇွန် ၁၁ ရက်တွင်လည်း ပြွန်တန်ဆာမြို့၌ ဆက်လက်သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

ယနေ့သင်တန်းသို့ ညောင်လေးပင်မြို့နယ်အတွင်းရှိ ညောင်လေးပင်၊ မဒေါက်၊ ပိန်းဇလုပ်မြို့တို့ရှိ လူမှုကူညီရေးအဖွဲ့အစည်း ၁၃ ဖွဲ့မှ သင်တန်းသား ၁၅၀ တက်ရောက်ခဲ့ကြပြီး သင်တန်းသားများအား စေတနာ့ဝန်ထမ်း သင်တန်းလက်စွဲစာအုပ်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်

**နေပြည်တော် ဇွန် ၁၀**

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ဇွန် ၄ ရက်က ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၄၃ မြို့နယ်ရှိ နေရာ ၁၄၀ တို့တွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၇၃ ဂါလန်နှင့် ပိုးသတ်ဆေးမှုန့် ၂၁ ကီလိုဂရမ် သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အလားတူ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ဇွန် ၅ ရက်က ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၅၃ မြို့နယ်ရှိ နေရာ ၁၀၆ နေရာတို့တွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၇၅ ဂါလန်နှင့် ပိုးသတ်ဆေးမှုန့် ၁၆ ကီလိုဂရမ် သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ဇွန် ၅ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် စဉ့်ကူအခြေခံပညာအထက်တန်းကျောင်း၌ ဇွန် ၅ ရက်က ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၌ ဇွန် ၄ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ချင်းပြည်နယ် ဟားခါးမြို့ အဝေးပြေးကားဂိတ်၌ ဇွန် ၄ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

## ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့က ထောက်ပံ့ကူညီသည့် အမေရိကန်ဒေါ်လာ သုံးသိန်းကျော် တန်ဖိုးရှိ အထောက်အကူပြုပစ္စည်းများ တင်ဆောင်လာသော အထူးလေယာဉ်ရောက်ရှိ

**ရန်ကုန် ဇွန် ၁၀**

မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) က ထောက်ပံ့ကူညီသည့် အမေရိကန်ဒေါ်လာ သုံးသိန်းကျော် တန်ဖိုးရှိ အထောက်အကူပြုပစ္စည်းများ တင်ဆောင်လာသော အထူးလေယာဉ်သည် ယနေ့ ညနေ ၆ နာရီ မိနစ် ၄၀ တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်လာသည်။

အဆိုပါ အထူးလေယာဉ်သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကမ္ဘာ့ကပ်ရောဂါ တိုက်ဖျက်ရေး ဆောင်ရွက်မှုများနှင့် ရောဂါပိုးများကို အရှိန်မြှင့်ပြီး ပိုမိုစစ်ဆေးနိုင်ရန်အတွက် UNICEF ၏ စဉ်ဆက်မပြတ် ပံ့ပိုးမှုများမှ အစိတ်အပိုင်းတစ်ရပ်အဖြစ် ရောက်ရှိလာခြင်းဖြစ်သည်။

ယင်းလေယာဉ်ဖြင့် ရောက်ရှိလာသည့် အထောက်အကူပြုပစ္စည်းများမှာ အမေရိကန်ဒေါ်လာ ၃၃၄၃၃၀ ဒသမ ၄၂ တန်ဖိုးရှိ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ (PPE)နှင့် ဆက်စပ်ပစ္စည်းများဖြစ်ပြီး UNICEF အနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ထောက်ပံ့ကူညီသွားမည်ဖြစ်သည်။

အလားတူ ဇွန် ၉ ရက် ညနေပိုင်းက UNICEF ၏ ထောက်ပံ့ကူညီမှုအနေဖြင့် ဒေါ်လာ ၄၃၁၉၄၃ ဒသမ ၇၆ တန်ဖိုးရှိ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ (PPE)နှင့် ဆက်စပ်ပစ္စည်းများ တင်ဆောင်လာသော အထူးလေယာဉ်တစ်စင်း အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ပြီး ယင်းပစ္စည်းများကိုလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ထောက်ပံ့ကူညီသွားမည်ဖြစ်ကြောင်း UNICEF မှ သိရသည်။

ထို့အပြင် UNICEF အနေဖြင့် Gavi (Global Alliance for Vaccines and Immunisation) အဖွဲ့၏ထောက်ပံ့မှုဖြင့် မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ် ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ရောဂါပိုးစမ်းသပ်ကိရိယာ(test kits)နှင့် ဆက်စပ်ပစ္စည်းများကို မေလအတွင်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ထောက်ပံ့ကူညီခဲ့သည့်အပြင် UNICEF အနေဖြင့် ၎င်းတို့၏ သီးခြားအစီအစဉ်များဖြင့်လည်း ထောက်ပံ့ကူညီမှုများ ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် ပတ်သက်သည့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို ထောက်ပံ့ကူညီမှုများ ပြုလုပ်ခဲ့သည့်အပြင် အိန္ဒိယ၊ တရုတ်၊ ကိုရီးယား၊ စင်ကာပူနှင့် ဂျပန်နိုင်ငံတို့ကလည်း ဆေးဝါး၊ စက်ပစ္စည်းနှင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ကူညီ လှူဒါန်းမှုများပြုလုပ်ခဲ့သည်။ **သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**






## မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့က အခြေခံစားသောက်ကုန်များ ကူညီပံ့ပိုး လှူဒါန်းလျက်ရှိ

**ရန်ကုန် ဇွန် ၁၀**

ကိုဗစ်-၁၉ ကာလအတွင်း ဘာသာရေးအဖွဲ့အစည်းများနှင့် အခြေခံပြည်သူများကို စားသောက်ကုန်ပစ္စည်းများအား မြန်မာနိုင်ငံကင်းထောက်အဖွဲ့က ကူညီပေးပို့လှူဒါန်းလျက်ရှိရာ ယနေ့ နံနက်ပိုင်းက မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ နိုင်ငံအဆင့် ကင်းထောက်အစီအစဉ်မှူးချုပ် ဦးအေးကြိုင် ဦးဆောင်၍ ရိုဗာကင်းထောက်များသည် ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်ရှိ ရတနာသိဃ်္ဃ ပရိယတ္တိကျောင်းတိုက်ရှိ သီတင်းသုံး သံဃာတော်များထံ ဆန်ခြောက်ပြည်အိတ် ၂၅ အိတ်၊ တစ်လီတာ ဆီဘူး ၂၀၊ ကြက်ဥ ၂၅ ကတ်တို့ သွားရောက်လှူဒါန်းခဲ့ကြသည်။

ထို့ပြင် ဇွန်လ ပထမပတ်ကလည်း မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့မှ ရိုဗာကင်းထောက်များသည် Children Care for Christ Orphanage Mission ကို ဆောင်ရွက်လျက်ရှိသည့် သန်လျင် မက်သဒစ်ဘုရားကျောင်းတွင် ဆန်ခြောက်ပြည်အိတ် ၃၀၊ တစ်လီတာ ဆီဘူး ၂၅ ဘူး၊ ကြက်ဥကတ် ၃၀ ကို လည်းကောင်း၊ သန်လျင်သဘာ၀တရားရိပ်သာ ဆရာတော်နှင့် ဆရာလေးများ၊ သဘာဝတရားရိပ်သာဝန်ထမ်းများ၊ ဒေသဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းကူညီမှုဖြင့် တက္ကသိုလ်ပေါင်းစုံမှ တက္ကသိုလ်ကင်းထောက်လူငယ်မောင်မယ်များက သန်လျင်သဘာ၀ တရားရိပ်သာအနီးရှိ ကျေးရွာများမှ အခြေခံပြည်သူ အိမ်ထောင်စု ၁၅၀ ကို တစ်အိမ်ထောင်လျှင် ဆန် ၆ ပြည်၊ ဆီ ၁ ဘူး၊ ကြက်ဥ ၁၀ လုံးဖြင့် အိမ်များသို့ လက်ဝယ်အရောက် ပေးပို့လှူဒါန်းခဲ့ကြကြောင်း မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့မှ သိရသည်။

**ကြေးမုံ**







## နှစ်ဦးသဘောတူ လင်မယားကွာရှင်းပြတ်စဲပြီးကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာခြင်း

ကျွန်မ ဒေါ်သဥ္ဇာဝင်းညွန့်[၁/မကန(နိုင်)၁၄၀၈၈၈]နှင့် ဦးသက်နိုင်ဇော်[၅/အတန(နိုင်)၀၈၄၂၂၄] တို့သည် ၂၆-၅-၂၀၂၀ ရက်တွင် ကချင်ပြည်နယ်တရားလွှတ်တော်ရုံး၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ ထို့ကြောင့် ကျွန်မ ဒေါ်သဥ္ဇာဝင်းညွန့်နှင့် ဦးသက်နိုင်ဇော်[၅/အတန(နိုင်)၀၈၄၂၂၄]တို့သည် ဥပဒေအရ တစ်ဦးနှင့်တစ်ဦး ပတ်သက်ဆက်နွှယ်မှု လုံးဝမရှိတော့ပါကြောင်းနှင့် ဦးသက်နိုင်ဇော်နှင့် ပတ်သက်သည့် ကိစ္စအဝဝသည် ကျွန်မဒေါ်သဥ္ဇာဝင်းညွန့်နှင့် လုံးဝ လုံးဝ မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ထို့ပြင် ဦးသက်နိုင်ဇော်အနေဖြင့် ဒေါ်သဥ္ဇာဝင်းညွန့်အား ကိုယ်၊ စိတ်၊ ဂုဏ်သရေ ထိခိုက်နစ်နာစေရန် ပြုမူဆောင်ရွက်လာပါက တည်ဆဲဥပဒေများအရ တရားစွဲအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သဥ္ဇာဝင်းညွန့်[၁/မကန(နိုင်)၁၄၀၈၈၈]**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**
**၂၀၂၀ ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၆**

**ဦးစိုးလင်းဦး (တရားလို)** နှင့် **ဦးထင်လင်း (တရားပြိုင်)**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၇၈လမ်း၊ (၃၅x၃၆)လမ်းကြား၊ အမှတ် (၉၈)နေ တရားပြိုင် ဦးထင်လင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

